www.burmeseclassic.com

# မင်းသိင်္ခ

နှင့်

# ကလောင်စုံ

# မြတ်နိုးသူရယ်

နှင့်

# ဂမ္ဘီရ ရသဝတ္ထုများ

အောင်မွှေးစွန်၊ နန္ဒာမိုးကြယ်၊ တက္ကသိုလ်ယဉ်ယဉ်လွဲ၊ ဇင်ယော်နီ၊ မင်းသိင်္ခ၊ စိုင်းကျော်သိ

www.burmeseclassic.com

design: bo bo

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်...
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်...
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သ... တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတ... တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတ... တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်... လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခ... မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မာတိကာ


၁။ မြတ်နိုးသူရယ်. . . — မင်းသိမ်း — ၇

၂။ ဝိညာဉ်လိပ်ပြာ — နန္ဒာမိုးကြယ် — ၂၅

၃။ မြေအန္တရာယ်မှ လွတ်မြောက်ခြင်း — တက္ကသိုလ်ယဉ်ယဉ်လဲ့ — ၄၁

၄။ ရသေ့ကြီးဦးရွှေတောင်နှင့် လွန်လေပြီးသော ဆယ်နှစ်တာ — ဇင်ယော်နီ — ၆၁

၅။ စုံထောက်ကြီး ဦးဘလှနှင့် အိပ်မက်ဖေါ်ထုတ်ပေးသောအမှု — မင်းသိက္ခာ — ၈၅

၆။ လိပ်ပြာလေး — စိုင်းကျော်သီဟ — ၁၀၉


www.burmeseclassic.com

www.burmeseclassic.com

# မြတ်နိုးသူရယ်နှင့် ဂမ္ဘီရ ရသဝတ္ထုများ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၇၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၀၉၀၈၀၇

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၇၊ အောက်တိုဘာလ၊

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)

ရွှေဥစာပေတိုက်

တိုက် ၄၊ အခန်း ၁၀၊

ပြည်တော်သစ်ရိပ်သာ၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)

အတွင်းပုံနှိပ်သူ

ရွှေပဒေသာအော့ဖ်ဆက်

အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၉၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မင်းသိင်္ခ

နှင့်

(ကလောင်ခွဲ)


# မြတ်နိုးသူရယ်...

## နှင့်

## ဂမ္ဘီရ ရသဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com



## မြတ်နိုးသူရယ် . . .

အဲဒီတုန်းက ကျွန်တော်က ခြောက်တန်းကျောင်းသားအရွယ် လေးပဲရှိသေးတယ်။ကျွန်တော်တို့အစ်မအရွယ် မမမြင့်ဆိုတာ ရှိ ယ်။ သူက ဆယ်တန်းကျောင်းသူ၊ ကျွန်တော့်ထက် အသက်ရော န်းရော ကြီးပါတယ်။

မမမြင့်တို့အိမ်ဘေးနားမှာက မြေကွက်လပ်တစ်ခု ရှိပါတယ်။ ဒီကွက်လပ်မှာက သရက်ပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေ ရှိ ကြောင့် အရိပ်လည်းကောင်းပါတယ်။ အဲဒါကြောင့် ကျွန်တော့် ကလေးတွေဟာ အဲဒီကွက်လပ်မှာ ကစားကြမြဲဖြစ်ပါတယ်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ မန်ကျည်းကိုင်းကြီးမှာက ရိန်းဘားကွင်း ချိတ်ထားလေတော့ ကျွန်တော်တို့ထက်ကြီးတဲ့ လူပျိုကြီးတွေက အဲဒီရိန်းဘားကွင်းမှာ လာပြီးဆွဲကြပါတယ်။ အဲဒီရိန်းဘားကွင်း ဆွဲတဲ့အထဲမှာ ဝပ်ရှော့ မှာ အလုပ်လုပ်တဲ့ ကိုမောင်မောင်ဆိုတဲ့ အစ်ကိုကြီးလည်း ပါပါတယ်။ သူက အရပ် ထောင်ထောင်မောင်းမောင်း၊ ရိန်းဘားကွင်း အမြဲ တော့ သူ့ရဲ့လက်မောင်းတွေ၊ ရင်အုပ်တွေဟာ ဖုထစ်နေပါတယ်။

အဲဒီအစ်ကိုကြီးက ရိန်းဘားကွင်း လာဆွဲတဲ့အခါမှာ ရှ ဘောင်းဘီ အမြဲဝတ်ပါတယ်။ ရိန်းဘားကွင်းပေါ်မှာ သူက ကင်း ကောက် ထောင်တယ်။ ရိန်းဘားကွင်းကို ဆွဲရုံဆွဲတာ မဟုတ်ဘူး လက်နှစ်ဖက်ဆန့်ပြီး တန်းနေအောင်လည်း သူ လုပ်နိုင်တယ်။ အဲ ကလည်း ကြည့်တော့ အလွယ်ကလေး၊ လူတိုင်း မလုပ်နိုင်ပါဘူး။

ကျွန်တော်တို့ကတော့ ရိန်းဘားကွင်းကို မမှီလို့ မဆွဲကို မ ရပါဘူး။ အဲဒီအစ်ကိုကြီး ကိုမောင်မောင်ဟာ ဝပ်ရှော့အလုပ် သိမ်း တဲ့အချိန်မှာ ရေမိုးချိုး၊ ခေါင်းတွေ ဘာတွေဖီးပြီး အဝတ်အစား သန့်သန့်ပြန့်ပြန့် ဝတ်လေ့ရှိပါတယ်။ ဝတ်ရင်လည်း အတော့်ကို အချိုး ကျပါတယ်။ ပြီးတော့ လည်ပင်းပေါ်မှာ မာဖလာအပျောက်ကလေး





တင်ထားလေ့ရှိပါတယ်။ တစ်ခါတလေတော့ ကုတ်အင်္ကျီ ဝတ်တတ် ပါတယ်။ ကျန်တဲ့အချိန်မှာတော့ ကာကီရောင်အင်္ကျီ ချိုင်းပြတ်ကြီး ကို ဝတ်ထားတတ်ပါတယ်။ တစ်ကိုယ်လုံးမှာလည်း ဆီချေးတွေ ပေ နေတော့တာပါပဲ။ ကားပြင်ရတာကိုး. . .။ လမ်းထဲမှာ အသုဘပေါ် လို့ ဖဲဝိုင်းရှိရင်လည်း အဲဒီအစ်ကိုကြီးဟာ ဖဲဝိုင်းထဲ ရောက်နေတတ် ပါတယ်။ ဖဲဝိုင်း မရှိရင်တော့ လမ်းထိပ်မြောင်းစပ်ကို ပိတ်ထားတဲ့ အုတ်ခုံမှာ ထိုင်ပြီး တယောထိုးနေတတ်ပါတယ်။

တစ်ခါတစ်ရံ အဲဒီအစ်ကိုကြီး အရက်သောက်တာကိုလည်း တွေ့ဖူးပါတယ်။ အလုပ် ပင်ပန်းလို့နေမှာပေါ့လေ။ အမြဲတမ်းတော့ မသောက်ပါဘူး။ ပြီးတော့ အဲဒီအစ်ကိုကြီးဟာ လူချစ်လူခင် များပါ တယ်။ ရန်ဖြစ်လေ့ဖြစ်ထ မရှိပါဘူး။ ဒါပေမဲ့ 'ဗမာကြွယ်' ဆိုတဲ့ လက်ဖက်ရည်ဆိုင်မှာ အရိုးကုန်းရပ်ကွက်ဘက်က လူနှစ်ယောက်နဲ့ သတင်းစာလုဖတ်ရင်း ငြိကြပါတယ်။ ဟိုနှစ်ယောက်အနက် တစ် ယောက်က သူ့ကို သံမီးညှပ်နဲ့ ရိုက်တယ်။ တစ်ယောက်က ကုလား ထိုင်နဲ့ ထုတယ်။ ကျွန်တော်ကလည်း အိမ်က လက်ဖက်ရည် ဝယ် ခိုင်းလို့ လက်ဖက်ရည် သွားဝယ်တဲ့အချိန်ပါ။ အဲဒီ အစ်ကိုကြီးဟာ

www.burmeseclassic.com



ရန်ဖြစ်တဲ့အခါမှာ ပျာယီးပျာယာ မဖြစ်ဘူးခင်ဗျ. . .။ အိန္ဒြေရရပါပဲ. . .။ သံမီးညှပ်နဲ့ ဟိုက တအားလွှဲရိုက်တာကို ရှောင်တယ်ဆိုရုံကလေး ရှောင်ပြီး သံမီးညှပ် ကိုင်ထားတဲ့လက်ကို ချိုးပစ်လိုက်ပါတယ်။ သစ်သားတုတ်နဲ့ ရိုက်တဲ့လူကိုလည်း ခြေထောက်နဲ့ လှမ်းပြီး ခတ်လိုက်တာ ဟိုလူဟာ မေးစေ့ကွဲပြီး ဖင်ထိုင်လျက် လဲသွားပါတယ်။ နောက်စုံစမ်းကြည့်တော့ အဲဒီအစ်ကိုကြီးနဲ့ ရန်ဖြစ်တဲ့လူတွေဟာ အရိုးကုန်းသားတွေ မဟုတ်ပါဘူး။ အရိုးကုန်းရမ်ကွက်မှာ လာပြီး တည်းတဲ့ နယ်ကလူတွေပါ။ သိရတာကတော့ နွား လာရောင်းတဲ့လူတွေလို့ သိရပါတယ်။ အဲဒီအစ်ကိုကြီးဟာ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ရုံးတွေ ဂတ်တွေ ရောက်ရပါသေးတယ်။ ဒါပေမဲ့ သူ့ဘက်က လိုက်တဲ့ သက်သေတွေက များတော့ လွတ်သွားတယ်။ ငွေကလေး ဘာလေး နည်းနည်းပါးပါးတော့ ကုန်သွားပေါ့လေ. . .။ အဲဒီအစ်ကိုကြီးကို ကျွန်တော်တို့ ချာတိတ်တွေ သိပ်ပြီး အားကျတာပဲ. . .။

တစ်ခုပြောဖို့ ကျန်သေးတယ်ဗျ. . .။ ကျွန်တော်နဲ့ ရွယ်တူ တခြားချာတိတ်တွေက ဝတ္ထုဘာတွေ မဖတ်သေးဘူးခင်ဗျ. . .။ ကျွန်တော်က ဝတ္ထု ဖတ်တတ်နေပြီ။ အဲဒီတုန်းက အလွန်ခေတ်စား





ဆရာလင်းယုန်နီရဲ့ မြင့်တို့ မမမြင့်တို့ ဆိုတဲ့စာအုပ်တွေကို သည်းစွဲ ကြိုက်နေပါပြီ။ ဝတ္ထုစာအုပ်ထဲက မမမြင့်နဲ့ ကျွန်တော် လမ်းထဲက မမမြင့်ကို အမြဲတမ်း ဆွဲဆက်ပြီး ပြောမိပါတယ်။

ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်ကို စာရေးဆရာ င်းယုန်နီရဲ့စာအုပ်တွေကို ကြိုက်တတ်လွန်းလို့ နောက်ပြောင်ပြီး င်းယုန်ဖြူလို့ ခေါ်ကြပါတယ်။ ကျွန်တော်က စိတ်မဆိုးပါဘူး။ င်းယုန်နီ မဖြစ်တောင် လင်းယုန်ဖြူဆိုတာ တော်သေးတာပေါ့။ ာပဲဖြစ်ဖြစ် အနီနဲ့ အဖြူတော့ ကွာဝာပေါ့လေ။ ဒါပေမဲ့ လင်း န်တော့ ဖြစ်နေသေးတာပဲ မဟုတ်လား. . .။

ထားပါတော့လေ. . .။ စကားပတ်ကုံး ပြောနေရင် အရှည် ြီးဖြစ်နေလိမ့်မယ်။ တစ်နေ့မှာ အစ်ကိုကြီး ကိုမောင်မောင်က ျွန်တော့်ဆီကို ရောက်လာပြီး ကျွန်တော့်ကို ဓားလှီးမုန့် တစ်ထုပ် းပါတယ်။ ပြီးတော့ ကျွန်တော့်လည်ပင်းပေါ်မှာတင်တဲ့ အနက် ါမှာ အဖြူပျောက်ကလေးတွေပါတဲ့ မာဖလာလေးတစ်ထည် ည်း ပေးပါတယ်။ ကျွန်တော် သိပ်ပြီး ဝမ်းသာသွားတယ်။ ပြီး ော့ အစ်ကိုကြီး ကိုမောင်မောင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်ထွန်း. . . အစ်ကိုကြီးကို တစ်ခုကူညီကွာ၊ ဘာကူညီရမလဲဆိုတော့ . . . ဘေးအိမ်က မြင့်မြင့်ကို မင်း သိတယ်မဟုတ်လား. . .။ အစ်ကိုကြီးရဲ့စာလေး သွားပေး ပေးပါကွာ "

လို့ ပြောတော့တာပဲ။ ဇာတ်လမ်းက ဒီနေရာမှာ စ,တော့တာပါပဲ။

ဒါနဲ့ ကျွန်တော်လည်း အဲဒီအစ်ကိုကြီး ပေးတဲ့စာကို ယူပြီး မမြင့်ဆီကို သွားပါတယ်။ မမြင့်နဲ့ တွေ့တဲ့အခါမှာ ကျွန်တော်က. . .

"မမြင့်. . .။ ဝပ်ရှော့မှာလုပ်တဲ့ အစ်ကိုကြီး ကိုမောင်မောင်က မမြင့်ကို စာပေးခိုင်းလိုက်တယ်. . ."

လို့ ပြောလိုက်ပြီး စာကို ပေးလိုက်ပါတယ်။ ဒါပေမဲ့ မမြင့်က အဲဒီစာကို လက်မခံပါဘူး။ အတော့်ကို စိတ်ဆိုးသွားပါတယ်။

"ဟဲ့ကောင်လေး. . .၊ တစ်ကိုယ်လုံးကို ဆီချေးတွေ ပေကျံနေတဲ့လူကို ငါက ကြိုက်ရမှာလား။ ပြီးတော့. . . အဲဒီလူက အရက်သောက်တယ်. . .၊ ငါကိုယ်တိုင် မြင်ဖူးတယ်၊ အရက်သမား။ ပြီးတော့ အသုဘမှာ ဖဲဝိုင်းဖြစ်ရင် သူက ရှေ့ကပဲ၊ ဖဲသမား. . .။ အဲဒီ





လို အရက်သမား၊ ဖဲသမားကို ငါက ကြိုက်ရမှာလား။ သွား. . . နင့်ဟာ နင်ပြန်ယူသွား၊ နောက်ကို. . . ဘာစာမှ ယူမလာခဲ့နဲ့၊ ဒီတစ်ခါတော့ ချမ်းသာပေးလိုက်မယ်၊ နောက်တစ်ခါဆိုရင်. . . နင့်အမေကို သွားတိုင်မယ်. . ."

လို့ ပြောပြီး ကျွန်တော့်ခေါင်းကို ဒေါင်ခနဲ ခေါက်လိုက်ပါတယ်။ အဲဒီတော့ ကျွန်တော်လည်း အစ်ကိုကြီး ကိုမောင်မောင်ဆီ ပြေးသွားပြီး အကျိုးအကြောင်း ပြောပြပြီး သူ့စာကို ပြန်ပေးလိုက်တယ်။ အစ်ကိုကြီး ကိုမောင်မောင်က ကျွန်တော်ပြောတာကို ဆုံးအောင် နားထောင်ပြီး. . .

"ရပါတယ်. . . မောင်အောင်ထွန်းရာ၊ မင်း တာဝန်ကျေပါပြီ။ မြင့်မြင့်ဟာ. . . မောင်မောင့်အတွက် ငိုကျွေးရတဲ့ရက်တွေ ရောက်လာမှာပါ. . ."

လို့ ပြန်ပြီးပြောတယ်။

အဲဒီအဖြစ်အပျက် ဖြစ်ပြီးနောက်ပိုင်း လသာတဲ့ရက်[illegible]ကွာ။ အစ်ကိုကြီး ကိုမောင်မောင်ဟာ မမြင့်တို့ အိမ်နားကို ဖြ[illegible]စားမ[illegible]ယောထိုးသွားတတ်ပါတယ်။ တစ်ခါတလေ အသံဝါဝါကြ[illegible]မယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်နိုးသူရယ်. . ."

ဆိုတဲ့ သီချင်းကိုလည်း ဆိုသွားတတ်ပါတယ်။

အဲဒီ အဖြစ်အပျက်တွေဖြစ်ပြီး တစ်နှစ်ခန့် ကြာလာတဲ့အခါ မှာ ကျွန်တော် ခုနစ်တန်းကို ရောက်သွားပါပြီ. . .။ လူကောင်လည်း ထွားလာပါပြီ။ အရပ်လည်း မြင့်လာပြီ. . .။ အစ်ကိုကြီး ကိုမောင်မောင်တို့ ခိုတဲ့ ရိုန်းဘားကွင်းကိုလည်း ခိုနိုင်ပါပြီ။ တစ်နှစ်အတွင်း အခုလောက် မြန်မြန်ဆန်ဆန်ကြီး ထွားကြိုင်းလာတာကတော့ ရှင်ပြုလိုက်လို့လို့ ပြောကြပါတယ်။ ကျွန်တော်ဟာ ရှင်လည်း ပြုပြီးပါပြီ။

"အဲဒီနှစ် သင်္ကြန်မှာ ကျွန်တော်တို့ချာတိတ်တွေ စုထားတဲ့ ပိုက်ဆံလေးတွေနဲ့ စုပေါင်းပြီး ဂျစ်ကားတစ်စီး ငှားမယ်။ ရေပက်ခံထွက်မယ်ပေါ့ခင်ဗျာ. . .။ကျွန်တော်တို့က ကျွန်တော်တို့ ရပ်ကွက်ထဲက ဦးခွေးလေးဆိုတဲ့ ဦးလေးကြီးဆီမှာ ရေပက်ခံထွက်ဖို့ ဂျစ်ကားနေ့ဝဲ့သွားပြီး ငှားပါတယ်။ ဦးခွေးလေးက အလွန့်ကို သဘောကောင်းသောက်ဝ.

တော့ အငှားတော့ ငှားချင်တယ် ကလေးတို့ရေ. . .။ ဒါပေမဲ့ မောင်း





မယ့်ဒရိုင်ဘာ မရှိဘူး. . .။ ငါကလည်း ဖျားနေလို့ မမောင်းနိုင်ဘူးကွ. . ."

လို့ ပြောပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့တွေက 'မောင်းမယ့်သူ ရှိပါတယ်' လို့ ပြောပြီး အတင်းငှားတော့တာပဲ။ မောင်းမယ့်လူဆိုတာ တခြားလူ မဟုတ်ပါဘူး။ ကျွန်တော်က မောင်းတတ်ပါတယ်။ လိုင်စင်တော့ ဘယ်ရှိမလဲ. . .။ သင်္ကြန်တွင်းဆိုတော့ လိုင်စင်တွေ ဘာတွေ သိပ်ပြီး အရေးမကြီးဘူးလေ။

ကျွန်တော်တို့ဟာ ဦးခွေးလေးကို မော်တော်ကားငှားခ ပေးဖို့ ငွေက နည်းနည်းလိုနေတယ်။ အဲဒီတော့ အစ်ကိုကြီး ကိုမောင်မောင်ကို အကျိုးအကြောင်း ပြောပြတယ်။ အဲဒီမှာ အစ်ကိုကြီးက. . .

"မောင်အောင်ထွန်း. . . မင်းတို့ လိုနေတဲ့ငွေကို အစ်ကိုကြီး စိုက်မယ်ကွာ. . .။ ဒါပေမဲ့. . . အဲဒီကားမှာ အစ်ကိုကြီး မလိုက်ပါဘူး။ မြင့်မြင့်ကို မင်းတို့နဲ့ ရေပက်ခံထွက်လို့ရအောင် ခေါ်ကွာ။ ပြီးတော့ ကန်တော်ကြီး၊ ကနေဒီကျွန်းထိပ်မှာရှိတဲ့ ရေကစားမဏ္ဍပ်မှာ. . . အစ်ကိုကြီး ရှိမယ်၊ မြင့်မြင့်ကို အစ်ကိုကြီး ရေပက်မယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒီသို့ ပတ်ရရင်. . . အစ်ကိုကြီး စိုက်ထားတဲ့ ပိုက်ဆံကို မောင်အောင်ထွန်းတို့ ပြန်ဆပ်ဖို့ မလိုတော့ပါဘူး. . ."

လို့ ပြောပါတယ်။ ကျွန်တော်တို့ကလည်း သဘောတူလိုက်ပါတယ်။ ပြီးတော့ မမမြင့်ကို ရေပက်ခံ ထွက်ဖို့သွားပြီး စည်းရုံးရတာပေါ့။ မမမြင့်ရဲ့အမေကြီးက. . .

"မြင့်မြင့်ရယ်. . . ကလေးတွေက ဒီလောက်ခေါ်နေတာ လိုက်သွားပါဟယ်. . .။ ကလေးတွေနဲ့ဆိုတော့ အမေလည်း စိတ်ချပါတယ်. . ."

လို့ ပြောတော့တာပဲ။ အဲဒီမှာ မမမြင့်က ပဝါလေးကို ခေါင်းမှာစည်းပြီး ကျွန်တော်တို့ဂျစ်ကားပေါ် တက်တော့တာပဲ. . .။ သူ့ခေါင်းမှာလည်း ပိတောက်ပန်းတွေ ပန်ထားတာ ဝါထိန်နေတာပဲ။ ကားပေါ်ရောက်တဲ့အခါမှာ သူက ကျွန်တော်ကို တွေ့ပြီး. . .

"ဟဲ့ ကောင်လေး. . . မောင်းတတ်ရဲ့လား. . ."

လို့ သူက မေးပါတယ်။ အဲဒီမှာ ကျွန်တော်က. . .

"မမမြင့်ကလည်း လုပ်ပြီ. . .။ အခု မောင်းလာတာပဲဥစ္စာ"

လို့ ပြောပြီး ကျွန်တော်က ကားကို မောင်းထွက်ခဲ့ပါတယ်။





ာစ်ခု ကျန်သေးတယ်ခင်ဗျ. . .။ကားပေါ် တက်လာတာ မမမြင့်ာစ်ယောက်တည်း မဟုတ်ဘူးနော်။ သူ့ရဲ့အစ်မဝမ်းကွဲတစ်ယောက်ည်း ပါလာသေးတယ်။ အဲဒီ အစ်မကြီးကတော့ မမမြင့်လို မလှဘူးနော်။ စဥ့်အိုးပေါ်မှာ ဘောလုံး တင်ထားတဲ့အတိုင်းပဲ ခေါင်းကလေးာ သေးသေး၊ ခန္ဓာကိုယ်ကြီးက အကြီးကြီးခင်ဗျ။

ကျွန်တော်က ကားကို မအူကုန်းလမ်းကျယ်ကနေပြီး၊ ကနေကျွန်းအရောက် ဖြတ်ပြီး မောင်းပါတယ်။ ကျွန်တော့်နားမှာ ကပ်ပြီးိုင်တဲ့ လှမြင့်ဆိုတဲ့ကောင်က ကျွန်တော့်နားကို ကပ်ပြီး ပြောပါယ်။

"ဟေ့ကောင်. . . အောင်ထွန်း၊ မမမြင့်ကြီးခေါင်းမှာ ပန်ားတဲ့ ပိတောက်ပန်းတွေကဲ မနက်က. . . ကိုမောင်မောင်ကြီး ပေးိုက်တဲ့ ပိတောက်ပန်းတွေကွ. . ."

လို့ ပြောပါတယ်။

"ဟုတ်ပ့ါမလား လှမြင့်ရယ်. . .။ ကိုမောင်မောင်လို လူမျိုးို မကြိုက်ဘူးကွ။ တစ်ခါက. . . ငါ စာသွားပေးဖူးတယ်၊ ငါ့ကိုာင် ဆူပြီး ခေါင်းကိုတောင် ခေါက်လွှတ်လိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်ပါတယ်။ အဲဒီအခါမှာ လှမြင့်က. . .

"မင်းကို ငါ ပြောဦးမယ်. . .၊ ကိုမောင်မောင် ခိုင်းလို့ ငါက စာသွားပေးဖူးသေးတယ်. . .၊ အဲဒါတော့ လက်ခံလိုက်တယ် ကိုယ့်လူ မင်းပေးတာကို. . . ဘာလို့ လက်မခံတာလဲဆိုတော့ မင်းက နူတ်မလုံ ဘူးဆိုတာ သူသိထားတယ်ကွ။ သူတို့နှစ်ယောက်ကို ငါ အောင်သွယ် ပေးလို့ ဖြစ်နေတာ တစ်နှစ်ရှိပြီ ကိုယ့်လူရေ. . .။ မနက်တုန်းက ဦးဦးဖျားဖျားပွင့်တဲ့. . . ပိတောက်ပန်းတွေကို ပန်စေချင်လို့ဆိုပြီ ကိုမောင်မောင်က ပို့ခိုင်းလို့. . . ငါသွားပြီး ပို့ခဲ့ရသေးတယ်။ သူ ခေါင်းပေါ်က ပိတောက်ပန်းတွေက တို့. . . ကိုမောင်မောင်ကြီးရဲ့ ချစ်လက်ဆောင်ကွ. . ."

လို့ ပြောတော့တာပဲ။ အဲဒီတော့ ကျွန်တော်က. . .

"ကြည့်စမ်း. . . ကြည့်စမ်း။ ဒီလူကြီး ငါတို့တောင် မြူထား တယ်၊ ရွှေ့မယ်. . ."

လို့ ပြောလိုက်ပါတယ်။ အဲဒီမှာ ကိုလှမြင့်က. . .

"အဲဒီ ရေကစားမဏ္ဍာပ်မှာ. . . ကိုမောင်မောင် ရှိတယ် တာ မမမြင့် သိပြီးသားကွ. . .။ သူတို့နှစ်ယောက် စာနဲ့ ချိတ်ပြီးသ





ကွ။ အဲဒီစာကို ငါ ကိုယ်တိုင်သွားပြီး ပေးခဲ့ရတာ ဟောကောင်ရ. . ."

လို့ပြောတော့တာပဲ။ အဲဒီအခါမှာ ကျွန်တော်က ဘာမှ ပြန် မပြောတော့ပါဘူး။ ပြုံးရုံသာပြုံးပြီး နေလိုက်ပါတော့တယ်။

ကျွန်တော်တို့ကားလည်း ရေကစားမဏ္ဍာပ်အနားကို ရောက် သွားရော၊ ကိုမောင်မောင်ဟာ လမ်းပေါ်ကို တက်လာပြီး လက်နှစ် ဖက်ကို ရှေ့ကိုဆန့်ပြီး လက်ဝါးနှစ်ဖက်ကို ပက်လက်လှန်ပြီး ကွေး ချည် ဆန့်ချည်လုပ်ပြီး ကျွန်တော်တို့ကားကို လာဖို့ လှမ်းခေါ်ပါ တယ်။ အစ်ကိုကြီး ကိုမောင်မောင်ရဲ့ အမူအရာဟာ နည်းနည်းလည်း း နေတယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ကားလည်း သူ့ရှေ့နားကို ရောက်သွားရော သူက ကားဆီကို ပြေးလာပါတယ်။ အဲဒီလို ပြေး ာရင်း ကားရှေ့လည်း ရောက်ရော ချော်လဲသွားပါတယ်။ မဏ္ဍာပ် ာရှိတဲ့ လူတွေရော၊ ကျွန်တော်တို့ကားပေါ်က လူတွေကပါ 'ဟာ နဲ'. . . 'ဟင်ခနဲ' အော်ကြပါတယ်။ ကျွန်တော်ကလည်း လန့်ပြီး ာရိတ်ကို တအားနင်းလိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော် တကယ် င်းမိတာ ဘရိတ် မဟုတ်ဘူးခင်ဗျ. . .။ လီဘာ ဖြစ်နေတယ်။ အဲဒီ ာ့ ကားဟာ မရပ်ဘဲ အရှိန်နဲ့ဆောင့်ပြီး ထွက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ လဲကျနေတဲ့ ကိုမောင့်မောင်ကို ခေါင်းက ဖြတ်ပြီး ကြိတ်မိ တော့တာပဲခင်ဗျ. . .။ လူတွေလည်း ဝိုင်းအုံ လာတယ်။ ကျွန်တော် ကို ရိုက်သူရိုက်၊ ထုသူထု လုပ်ကြပါတော့တယ်။ နောက်တော့လည် ကျွန်တော့်ကို ကျောင်းသားအရွယ်ကလေးမှန်း သိကြတော့ ချမ်းသာ ပေးကြပါတယ်။ ချမ်းသာမပေးတဲ့သူကတော့ မမမြင့် ဖြစ်ပါတယ် ကျွန်တော့်ကို တအားရိုက်ပါတယ်။ ပြီးတော့ ကိုက်လည်း ကိုက်ပ တယ်။ ငိုလည်း ငိုပါတယ်။

'ငါ့ချစ်သူ မောင့်ကို. . . ကားနဲ့ တိုက်သတ်တဲ့ကောင်'

ဆိုပြီး ကုတ်ဖဲ့ပါတယ်. . .။ အစ်ကိုကြီး ကိုမောင်မောင်ဟာ ပွဲချင်းပြီး သေဆုံးသွားပါတယ်။ မမမြင့်က ကိုမောင်မောင့်အလော ကို ဖက်ပြီးငိုရင်း တက်သွားပါတယ်။

ကြေကွဲစရာကောင်းတဲ့ဇာတ်လမ်းကို ဒီမှာပဲ အဆုံးသတ် ရအောင်ပါ။ ကျွန်တော်ချစ်တဲ့ အစ်ကိုကြီး ကိုမောင်မောင်ဟာ သူ ကြိတ်သတ်မယ့် မော်တော်ကားငှားဖို့ ငွေလိုနေတာကို သူကိုယ်တိုင် စိုက်ပြီးပေးခဲ့ရတယ်။ သူ့ကို ချစ်တဲ့၊ သူ့ကို အားကျတဲ့ မောင်အော ထွန်းဆိုတဲ့ ကျွန်တော်ကိုယ်တိုင် သူ့ကို ကားနဲ့ကြိတ်ပြီး သတ်ခဲ့သ



ဖြစ်ခဲ့ပါတယ်။ မမမြင့်နဲ့ သူ့ကို ပေါင်းစေချင်ပါတယ်။ ဒါပေမဲ့ မပေါင်း ရတော့ပါဘူး။ မမမြင့်ဟာ ရူးသွပ်သွားပါတယ်။ ဆေးရုံမှာ တစ်နှစ် လောက် ကုသခဲ့ရပါတယ်။ ဆေးရုံက ဆင်းတော့လည်း စိတ်က ကောင်းကောင်း မနှံ့တော့ပါဘူး။

မမမြင့် စိတ်ဖောက်လာရင် ပိတောက်ပန်းအတုတွေ ခေါင်း မှာ ဝေနေအောင် ပန်ပြီး သူ့ကိုယ်သူ ရေတွေလောင်းပါတယ်။ ပြီး တော့. . .

"သင်္ကြန်ကျပြီ. . .၊ မောင်နဲ့ ရေကစားထွက်မယ်"

ဆိုပြီး တစ်မြို့လုံး လျှောက်တော့တာပဲ. . .။ အဲဒီအခါမှာ သူ့အိမ်ကလည်း လိုက်ပြီး ရှာရပါတယ်. . .။ ကျွန်တော်တို့လည်း မနေရပါဘူး။ လိုက်ပြီး ရှာရပါတယ်။

မမမြင့်နဲ့ ကျွန်တော်နဲ့ မတွေ့တာလည်း ကြာပါပြီ။ ကျွန်တော် လည်း ဘဝအမျိုးမျိုးနဲ့ ကျင်လည်လာပြီး အသက်အရွယ် ကြီးရင့် လာပြီမို့ အေးအေးချမ်းချမ်းနေမယ်ဆိုပြီး မော်ဘီမြို့အစွန်၊ မရမ်း ဘလင်းတောစပ်မှာ ခြံကလေးတစ်ခြံ ဝယ်ပြီး သွားနေပါတယ်။

ပြီးခဲ့တဲ့ ခုနစ်ရက်လောက်က ခြံဝမှာ အလုပ်လုပ်နေကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့တပည့်ကလေးတွေက ကျွန်တော့်ဆီ ပြေးလာပြီး. . .

"အဘ. . . အဘ ခြံထဲမှာ ဆံပင်တွေ ဖြူနေတဲ့ အဘွားအို ကြီးတစ်ယောက် ရောက်နေတယ်. . .။ ခေါင်းမှာလည်း ပိတောက် ပန်းအတုတွေ ပန်ထားတယ်. . .။ တစ်ကိုယ်လုံးလည်း ရေတွေ ရွှဲ နေတယ်။ 'အောင်ထွန်း၊ဆိုတဲ့ကောင် ဘယ်မှာလဲ၊ ဂျစ်ကားမောင်း ပြီး. . . ရေပက်ခံထွက်မယ်' လို့ ပြောနေတယ်။ 'ကနေဒီကျွန်းကို အရောက်မောင်း၊ ဟိုမှာ မောင် စောင့်နေတာယ်'လို့လည်း ပြောတယ်၊ ပြီးတော့. . . ကျွန်တော်တို့ ရေဇလားတဲ့ ရေပိုက်ကြီးကို ယူပြီး သူ့ ကိုယ်သူ့ပဲလည်း ပက်ပါတယ်၊ ပြီးတော့ ကျွန်တော်တို့ကိုလည်း ပက် ပါတယ်. . ."

လို့ လာပြီးပြောတယ်။ အဲဒါကြောင့် ကျွန်တော်လည်း ခြံဝကို ခပ်သုတ်သုတ်လေး ထွက်လာခဲ့ရတယ်။ သစ်ကိုင်းခြောက်လို အရိုး ခေါက်ကပ်ဖြစ်ပြီး တစ်ခေါင်းလုံးလည်း ဗျိုင်းအတောင်လို ဖွေးဖွေး ဖြူနေတဲ့ဆံပင်နဲ့ ပိတောက်ပန်းအတုတွေ ပန်ထားတဲ့ စိတ်ရောဂါ ဝေဒနာရှင် အသက် (၇၀)ကျော် အဘွားကြီးတစ်ယောက်ကို တွေ့ရ ပါတော့တယ်။





အဲဒါ မမမြင့်ပါပဲ. . .။

သဗ္ဗေသတ္တာ ကမ္မသကာ

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com



# ဝိညာဉ်လိပ်ပြာ

"ဝိညာဉ်လောကဟာ တကယ်ရှိ မရှိ၊ တစ်စုံတစ်ယောက်က မေးလာခဲ့ရင်. . . ဆရာ့အနေနဲ့ ဘယ်လို အဖြေပေးမလဲဟင်. . ."

တရားစခန်းဖြုတ်အပြီး သက်တောင့်သက်သာ နားနေချိန်ယ် မမှုမိတ်ဆွေတစ်ဦး ဖြစ်လာသော ကိုဇော်ဖေမှ ဤသို့ မေးမြန်းလာခြင်းဖြစ်တော့သည်။

"ဘာ့သဘောနဲ့ မေးတာပါလိမ့် ကိုဇော်ဖေ။ ကေန္တ ခင်ဗျားအနေနဲ့ ဝိညာဉ်လောကနဲ့ ပတ်သက်ခဲ့ဖူးလို့ ဖြစ်ရမယ်. . ."

"သေချာတာပေါ့ ဆရာရယ်. . .။ သိပ်ကို သေချာတာပေါ့။

မြတ်ဗုည

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို. . . ဝိညာဉ်လောက တကယ်ရှိမရှိ မေးရတာကလည်း ဆရာရေးတဲ့ ဂမ္ဘီရဝတ္ထုတချို့ကို ဖတ်ဖူးနေလို့ပါ. . ."

"ဒါဆိုလည်း. . . အရှင်းသားပေပဲ ကိုဇော်ဖေရယ်။ ဘုရားဟော ဒေသနာတော်တွေကို ပြန်ကြည့်ရင်. . . မြင်အပ်မမြင်အပ်တဲ့ သတ္တဝါတွေ ရှိနေတာပဲ။ ရှင်းရှင်းနဲ့ ပြတ်ပြတ်ပြောရမယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဝိညာဉ်လောကဟာ. . . တကယ်ရှိတယ်လို့ ဆိုပါတော့ ကိုဇော်ဖေ. . ."

"ဟား. . . ဒါ သိပ်မှန်တယ်ဆရာ။ ဆရာ့အယူအဆနဲ့. . . ကျွန်တော့်အယူအဆဟာ တကယ့်ကို ထပ်တူကျသွားပြီဆရာ။ အရင်တုန်းက ကျွန်တော်ဟာ သောက်သောက်စားစားရှိတဲ့ ကားမောင်းသမားတစ်ယောက်ပါ။ ဘယ်အရာမဆို. . . လက်တွေ့မျက်တွေ့ မမြင်ရရင် လုံးဝ ယုံကြည်တတ်တဲ့ လူစားမဟုတ်ဘူး. . . ဆရာရဲ့ အဲဒါကြောင့်လည်း. . . သူငယ်ချင်း ကားသမားတွေက ကျွန်တော့်ကို ကတ်တီးကတ်ဖဲ့ကောင်လို့ ပြောကြဆိုကြတယ်. . ."

"နောက်တော့. . . ခင်ဗျားအယူအဆတွေ ဘယ်လိုပြောင်းလဲသွားတာလဲ . . . ကိုဇော်ဖေ"





"ဟုတ်ကဲ့. . . ပြောပြပါ့မယ်ဆရာ။ ကျွန်တော် ပြောပြပြီးရင် ...ည်း ဆရာ့အနေနဲ့ စာရေးလို့ဖြစ်တယ်ဆိုရင်. . . ရေးခွင့်ပြုပါ ...ယ်ဆရာ။ ကျွန်တော့်အဖြစ်က. . . သည်လို. . . ဆရာရဲ့. . . ...ည်လို. . ."

ရှေးယခင်က မှုံမှုံရှုံးရှုံးနှင့်၊ ယခုတော့လည်း တရားဓမ္မ၏ ...ချွတ် သန့်စင်ပေးမှုများကြောင့် လင်းပွင့် ကြည်လင်လာခဲ့သော ...ိုဇော်ဖေမှာ သူ့အတွေ့အကြုံတစ်ရပ်ကို ပြောပြလာပါတော့၏။

စာပေရေးသားခြင်း သက်သက်သက်ခြင့် ရပ်တည်နေလေ ...သော မိမိအဖို့ရာမတော့ ရေဆာတုန်း ရေချမ်းစင်အား ဘွားမနဲ့ ...တွေ့လိုက်ရသူပါတကား။

"မောင်ဇော်ဖေရေ. . .။ အခု မင်းကို ခိုင်းမယ့်ကိစ္စမှာ ငါ ...ိုယ်တိုင် လိုက်ချင်ပေမယ့် အရေးပေါ်ကိစ္စတစ်ခုက ကြားဖြတ် ...င်လာလို့ မလိုက်နိုင်တော့ဘူး။ သည်တော့. . . ပေးရမယ့်ပစ္စည်း ...ွအတွက် လိပ်စာကို. . . သေသေချာချာ ပေးလိုက်မယ်။ ပစ္စည်း ...ို လက်ခံယူမယ့်သူကတော့ ဦးစိုးပိုင်ဆိုတဲ့ အဘိုးကြီးပဲ။ နေတာ ...ာ ဘောက်ကြံ့မြို့အစွန်လောက်မှာပါ။ လိပ်စာလည်းရှိတော့. . . ရှာ



www.burmeseclassic.com

www.burmeseclassic.com



ရတာ မခဲယဉ်းပါဘူး။ ပြီးတော့ သည်နေ့သည်ရက်လောက် ရောက်ရင် သူ့ဆီကို ပစ္စည်းလာပို့ပေးမယ့်အကြောင်း. . . ငါနဲ့ ပြောပြီးဆိုပြီးသားပါ. . ."

"စိတ်ချပါ. . ဦးလူအောင်။ အငှားကား မောင်းနေရတဲ့လူတစ်ယောက်အတွက် လိပ်စာမှန်သာ ရပလေ့စေ။ ကျိန်းသေပေါက် မရောက်,ရောက်အောင်. . . သွားပေးပါမယ့်ခင်ဗျာ"

"အေးကွာ. . . ကျေးဇူးပါပဲ။ မင်းနဲ့ ဆက်ဆံလာခဲ့တာ ခုမှ မဟုတ်ပါဘူး။ မင်းရဲ့ လုပ်ရည်ကိုင်ရည်ကိုလည်း သဘောကျပြီးသားပါ။ ကဲ. . . သည်မှာ ကားခနဲ့ လုပ်အားခ။ ခါတိုင်းထက် ပိုပိုသာသာ ပေးလိုက်တယ်။ အစစအရာရာ စိတ်ချပါရစေနော်. . ."

"စိတ်ချပါ. . . ဦးလူအောင်ရယ်။ တာဝန်ယူထားတဲ့ အလုပ်တစ်ခုနဲ့ ပတ်သက်ပြီး ကျွန်တော့်ဘဝမှာ ဘယ်တုန်းကများ တာဝန်မကျေခဲ့တာ. . . ပေါ့လျော့ခဲ့တာ ဘာများ ရှိခဲ့လို့လဲ. . . "

"ဟုတ်ပါတယ်. . မောင်ဇော်ဖေရယ်။ မင်းက. . အသောက်အစားလေး ဘာလေးရှိတတ်တော့ စိုးရိမ်ပူပန်စိတ်နဲ့ ပြောမိဆိုတာပါ"





ဒါတော့ဟုတ်သည်။ ဆေးလိပ်မသောက်၊ ကွမ်းမစားတတ်သော်လည်း ယမကာ မှိုဝဲရခြင်းကိုတော့ သူ တော်တော်လေး နှစ်သက်သည်။ ဘယ်သူတွေ ဘယ်လို ဟန့်တား, ဟန့်တား၊ သူကတော့ ပြန်မပြော၊ နားမထောင်။ သို့ရာတွင် သူ တာဝန်ယူထားသည့်အလုပ်ကိစ္စအတွက်တော့ အမှားအယွင်း မရှိစေရ။

ဦးလူအောင် ထုပ်ပိုးထားခဲ့သော ပစ္စည်းအချို့ကို စေ့မစေ့၊ စုံမစုံ သေချာစွာ စစ်ဆေးပြီးသည့်နောက် ပစ္စည်းများအား ကားနောက်ခန်းသို့ တင်လိုက်သည်။ ကိစ္စဝိစ္စပြီးပြီဆိုတော့ ကားကို အသာပင် မောင်းထွက်လာခဲ့တော့သည်။

ရာသီဥတုကား . . . ခုတလော ကြည်ကြည်လင်လင် မရှိ။ နှုန်ရီရီ မှိုင်းပျပျနှင့်။ တချို့တချို့သောနေရာတွေမှာ မိုးက ကွက်ကြား ရွာနေတတ်ပြန်သေး။ ဒါကို ဘောလုံးသမားတို့အကြိုက် ရာသီဥတု ဆိုကြသည်။ သည်လိုမျိုး ရာသီဥတုအနေအထားကို ဘောလုံးသမားတွေ ကြိုက်သကဲ့သို့ပင် သူလို အသောက်အစား မကင်းသူအတွက်လည်း အကြိုက်ညီပါပေသည်။ သူ့သောက်စားမှုက တစ်ဘရိတ်တည်း မဟုတ်။ စွပ်ကယ်. . . စွပ်ကယ်နှင့်၊ အရှိန်တျသွား



www.burmeseclassic.com

www.burmeseclassic.com



သိုက်. အချိန်ပြန်တင်လိုက်ဆိုသော အနေအထားမျိုး။

ခုလည်း ကားဘီးလိမ့်စမှာပင် တစ်ကျိုက်တစ်ငုံထက် မနည်း အစာအိမ်ထဲ ထည့်လိုက်ပြီးသား ဖြစ်သွားသည်။ သူ့သည်တော့မှပင် ချမ်းစိမ့်စိမ့် ရာသီဥတုက နေသားတကျ ဖြစ်သွားသည်။ သည်ကနေ့က ရုံးပိတ်ရက်မို့လား မသိ။ မြို့လယ်မှာပင် လူအသွားအလာ နည်းပါးလှသည်မို့ မြို့ပြင်ရောက်တော့ လူအသွားအလာရော၊ ကားအသွားအလာပါ ကျဲပါးနေလသည်။ ဒါလည်း ခပ်ကောင်းကောင်းဟု တွေးတောကာ လက်ကျန်ပုလင်းပြားမှ တစ်ငုံလောက်ကို ကျိုက်လိုက်ပြန်လေသည်။ ကျယ်ပြောသော ကတ္တရာလမ်းမှာတော့ သူ့ကားလေးသည် ပုံမှန်အရှိန်ဖြင့် လွတ်လွတ်လပ်လပ်။

ထိုခဏ မိုးသက်လေတွေက ငြိမ်သက်နေရာမှ သက်ဝင်လှုပ်ရှားလာခဲ့သည်။

မိုးသက်လေနှင့်အတူ မိုးသီးမိုးပေါက်တွေက တဖြောက်ဖြောက် အဆက်မပြတ် ကြွေဆင်းလာသည်မို့ ဘေးမှန်ကို တင်ရသည်။ တားမှန်ရေသုတ်တံကို အလုပ်ပေးရသည်။ ကားအရှိန်ကတော့ ပုံမှန်အတိုင်း။





"ဝေါ. . . ဝူး . . . ဂီး . . . ဂီး. . ."

သည်ခဏမှာပင် အရှိန်အဟုန်မပျက် ကားကလေးသည် လမ်းဘေးတစ်နေရာတွင် ထိုးရပ်သွားလေသည်။ ဘယ်လိုများ ဖြစ်ရတာပါလိမ့်။ အမြဲတစေ သန့်ကောင်းလှစွာသော ကားကလေးသည် ယခု ဘာဖြစ်ရတာပါလိမ့်။ စက်ဖုံးထဲကိုများ ရေဝင်သွားလေရော့သလား။ သော့ကို ဖွင့်ကာ လီဘာကို ကစားကြည့်လိုက်သည်။

"ကလစ်. . . ကလစ်. . . ဂျီး. . . ဂျီး. . . ဂီး. . . ဂီး. . ."

"ကလစ်. . . ကလစ်. . . ဂျီး. . . ဂျီး. . . ဂီး. . . ဂီး. . ."

"ဟူး. . . ဘယ်လိုများ ဖြစ်ရတာပါလိမ့်. . ."

စိတ်နည်းနည်း ပျက်သွားသည်။ သည့်အတွက် ပုလင်းပြားကို ဖွင့်ကာ ကျသွားသောအရှိန်ကို ပြန်တင်ရသည်။

သည်နေရာက ကားအသွားအလာ ရှင်းသလို၊ လူက ပြတ်သည်။ ကားဝပ်ရှော့ဆိုင်တွေ ဆိုသည်မှာလည်း နတ္ထိ။ ကား အသွားအလာရှင်း၍ လူပြတ်သည့်အတွက် စိုးရိမ်ထိတ်လန့်စိတ် ဝင်လာလေသည်လားဆိုတော့ မဟုတ်။ သူသည် လူကြောက်တတ်သူ မဟုတ်။ ဘယ်အန္တရာယ်တွေလာလာ သုံးလေးယောက်လောက်ကတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဖြုစရာ လုံးဝမရှိ။ သူ ပူပန်သွားမိသည်က ယခု ပို့ရမည့် ပစ္စည်းတွေကို ပို့အပြီး၊ နောက်ထပ် အော်ဒါတစ်ခုကို ချိတ်ထားပြ လေပြီမို့ ကိုယ့်ဘက်က လစ်ဟာမှုအတွက် မိတ်ပျက်သွားမှာ စိုး သည်။ သူ စိုးရိမ်သည်က ဒါပါပဲ . . . ။

ဦးထုပ်ကလေးကို ဆောင်း၊ ဂျာကင်အကျီကို ဆွဲစေ့လျ ကားပေါ်မှ သူဆင်းသည်။ ပြီးနောက် ကားရှေ့ဖုံးကို ဖွင့်ကာ ေ ပျောက်မီးပျောက် ဖြစ်နေသလား၊ ဘတ္တရီကြိုးများ လွတ်နေသလာ စက်ဖုံးအတွင်း ရေတွေ ဝင်နေသလားဟူ၍ စစ်ဆေးကြည့်သည် အခြေအနေကား ပကတိ မူလအတိုင်းပင် လွဲချော်မှုတွေ မရှိ။ သည် အတွက် စက်ကို ပြန်နှိုးကြည့်သည်။

"ကလစ် . . . ကလစ် . . . ဂျီး . . . ဂျီး . . . ဂီး . . . ဂီး . . ."

"ကလစ် . . . ကလစ် . . . ဂျီး . . . ဂျီး . . . ဂီး . . . ဂီး . . ."

ကားစက်သံက ယခင်ယခင်အတိုင်း။ အနီးအနားမှာ ဝပ်ရှေ တစ်ခုခု ရှိနေလျှင် ကောင်းမှာပဲဟု သူ တွေးနေမိပြန်သည်။

"တောက်! အရေးထဲ . . . ကားစက်ကလည်း ပြဿနာတွေ

သူ စိတ်မတိုစဖူး အတော်ကလေးကို စိတ်တိုသွားခဲ့သည်





ထိုခဏ တဒေါက်ဒေါက်နှင့် တောင်ဝှေးနှင့် ကတ္တရာလမ်းတို့ တွေ့ ထိသံသည် ပီပီသသကြီး ထွက်ပေါ်လာသည်။ ရုတ်တရက် ပေါ်ထွက် လာသည့်အသံကြောင့် ခေါင်းနားပန်ပင် ကြီးသွားပါလေ၏။ သို့ဖြင့် အသံထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်သည်။

"ဟင် . . . "

တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူ အံ့ဩသွားခဲ့ရသည်။

အဆမတန် ဝဖြိုးသော လူတစ်ယောက်။

မည်သည့်အဆောင်းအကာမျှ မပါဘဲ တောင်ဝှေးကို အားပြု ထောက်ကာ သူ့ထံသို့ တန်းတန်းမတ်မတ် လျှောက်လာနေသည်။ ါကို သူသည် အကြောင်သားပင် ငေးကြည့်နေလိုက်သည်။

"ဘာဖြစ်လို့လဲ . . . ငါ့တူရဲ့ . . . "

လူဝကြီးထံမှ ပေါ်ထွက်လာသော စကား။ သူ ရုတ်တရက် အဖြေ ပြန်မပေးမိသေး။ ခေါင်းတစ်ခုလုံး ဖြူဖွေးနေသော ထိုလူဝကြီး ကို ငေးကြည့်နေမိသည်။ ထိုစဉ်မှာပင် ဝေ့ဝဲ တိုက်ခတ်လာသော သထဲမှ အနံ့တစ်မျိုးကို သူရသည်။ ညှီစို့စို့အနံ့။ သည်အနံ့သည် သူဝကြီးထံမှလွဲ၍ အခြားဘယ်ကမျှ ရောက်မလာနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ကား. . . စက်နိုးလို့ မရတော့လို့. . ."

"ဩော်. . . ဟုတ်လား၊ ဒါထက် ငါ့တူက ဘယ်ကို သွားရမှာ တဲ့လဲ. . ."

"ထောက်ကြံ့မြို့စွန်ကို. . ."

"ဒါဆို. . . တော်တော် လိုသေးတာပဲ။ ခက်တာက သည်အနီး အနားမှာလည်း ကားဝပ်ရှော့ပြင်ဆိုင်တွေက ရှိတာမဟုတ်ဘူး။ မြို့ ဆို လူနေအိမ်ခြေတောင်. . . ရှိတာမှ မဟုတ်ဘဲ။ မြို့အဝင်ကျ သာ ရှိတာ"

"ဟုတ်ပခင်ဗျာ. . . ကျွန်တော်တော့ ဘာလုပ်လို့ ဘာလုပ် မှန်းတောင် မသိတော့ပါဘူး. . ."

"ဒါဆိုရင်. . . ခဏနေဦး. . . ငါ့တူ၊ ငါ့တူရဲ့ကားကို ကြည့် ပါရစေ. . ."

တော်တော်လာတဲ့ လူဝကြီးပေပဲဟု သူ ဆိုလိုက်ချင်သော်ငြား မဆိုဖြစ်ခဲ့။ ခုနေ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တစ်ဦးဦး ပေါ် လာ၍ သူ့အခက်အခဲကို ကူညီလျှင် ဘယ့်ကလောက် ကောင်းမေ မည်နည်းဟူ၍ သူ ပေါက်ပေါက်ရှာရှာပင် တွေးနေမိသေးသည်





အတွေးနှင့် အပြင်လက်တွေ့ကတော့ တခြားစီပင်။ သမ္မာဒေဝနတ် ကောင်းနတ်မြတ်အစား ညှီစို့စို့ရနံ့ပိုင်ရှင် လူဝကြီးက သူဖွင့်ထား သော ကားစက်အဖုံးအတွင်းသို့ ငုံ့ကြည့်ကာ လက်ဖြင့် ဟိုနှိုက်သည် နှိုက် လုပ်ကြည့်သည်။

"ကိုင်း. . . စက်နှိုးကြည့်လိုက်ပါ ငါ့တူ . . ."

သည်တစ်ခါမှာတော့ သူသည် စိတ်ညှို့ခံနေရသူတစ်ဦးနှင့် မခြား ကားပေါ် ပြန်တက်ကာ စက်နှိုးကြည့်လိုက်သည်။

"ကလစ် . . . ဝူး . . . ဝူး . . ."

"ဟာ . . . ကားစက်ကောင်းသွားပြီ။ ကျေးဇူးတင်လိုက်တာ ဦးလေးရယ် . . ."

အမှန်တကယ်လည်း သူ့အတွက် ကျေးဇူးတင်စရာကောင်း ပါသည်။ ကားစက်မှာ ပကတိပုံမှန်အတိုင်း ကောင်းမွန်သွားခဲ့ပါ ချေပြီ။

"ကိုင်း. . . ကားအဖုံးကို ပိတ်လိုက်ပြီ။ ငါ့တူကြီး. . . သွား ပေရော့. . ."

"ဟုတ်. . . ဟုတ်ကဲ့။ ဒါထက် ဦးလေး. . . ဘယ်သွားမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြုံရင် လိုက်ခဲ့လေ. . ."

"မလိုက်တော့ပါဘူးကွယ်. . ။ ငါတို့သွားမယ့်လမ်းကြောင်းနဲ့ ဦးလေး သွားမယ့်လမ်းကြောင်းက တခြားစီပဲဟာ။ ကဲ. . . အချိန် ရှိတုန်း သွားပေရော့. . ."

နောက်ဆုံးအနေဖြင့် ကျေးဇူးတင်လှစွာ လူဝကြီးကို သူ ကြည့်လိုက်သည်။ လူဝကြီး၏ မျက်လုံးအစုံကား မျက်တောင်မခတ် ပြီးတော့ မျက်နှာသေကြီးဖြင့်။

"ဒါဖြင့်. . . သွားတော့မယ် ဦးလေးရေ. . ."

လူဝကြီးကို သူနှုတ်ဆက်ပြီး ကားကို အသာမောင်းထွက်လာ ခဲ့သည်။ စိတ်လက်ပေါ့ပါးသွားပြန်တော့လည်း ပုလင်းပြားကလေး ကို ဖွင့်လိုက်မိပြန်သည်။

လိပ်စာကတ်ကို သူ ကြည့်အပြီး. . . စက်အရှိန်ကို လျှော့ လိုက်သည်။ မကြာခင် လိပ်စာအတိုင်း ခြံကျယ်ကြီးအတွင်းသို့ သူ ကားကို ကွေ့၍ ဝင်လိုက်လေသည်။

ကားကို ပေါ်တီကိုအောက် အရပ်လိုက်မှာတော့ သူ့ကား အနီးသို့ လူအချို့ ရောက်လာကြသည်။





"ဒါ. . . ပွဲစားကြီး ဦးစိုးပိုင်တို့အိမ် ဟုတ်ပါသလား. . ."

"ဟုတ်ပါတယ်ကွယ်. . . ။ ဒါထက် ငါတို့က ဘာကိစ္စများရှိ လို့ပါလိမ့်။ အပေါ်တက်ပါဦး. . ."

"ဟုတ်ကဲ့. . . ။ ကိစ္စကတော့ . . . ပွဲစားကြီး ဦးစိုးပိုင် မှာ ထားတဲ့ပစ္စည်းတွေကို သူ့မိတ်ဆွေ ဦးလှအောင်က ပေးလိုက်လို့ပါ။ ပစ္စည်းတွေ ကားနောက်ခန်းထဲမှာ အပြည့်အစုံ ပါပါတယ်။ အောက် ချပြီးရင် စုံမစုံ. . . စေ့မစေ့ စစ်ဆေး လက်ခံပါနော်"

"အင်း. . . ခက်ပြီကွယ်။ ပွဲစားကြီး ဦးစိုးပိုင်က မနေ့ညနေ ကပဲ လေသင်တုန်း အဖြတ်ခံရပြီး ရုတ်တရက် ဆုံးသွားတာ. . ."

"ဗျာ. . ."

"ဟုတ်ပါတယ် ။ ကဲ . . . ခဏလောက် ဆင်းပါဦး. . ."

ဝတ္တရားအရ ကားပေါ်မှ သူဆင်းပြီး ပွဲစားကြီး၏ အိမ်ပေါ် သို့ တက်လိုက်သည်။ အိမ်အပေါ် ဘုရားစင်နှင့် မနီးမဝေးမှာတော့ အသက်ခန္ဓာ ကင်းမဲ့နေပြီဖြစ်သော ပွဲစားကြီး ဦးစိုးပိုင်၏ ရုပ်ကလာပ် အား အဝတ်ဖြူ လွှမ်းထားသည်။ ရုပ်ကလာပ်၏ ခေါင်းရင်းဘက်မှာ ဓာတ်ပုံကြီးတစ်ပုံ၊ နံရံမှာ တောင်ဝှေးတစ်ချောင်း. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ဟို . . . ခတ်မုံထဲက ပုဂ္ဂိုလ်ဟာ. . ."

"အဲဒါ . . . ပွဲစားကြီး ဦးစိုးပိုင်ပဲလေ။ အသက်ကြီးမှ အဆမတန် ဝလာတာ။ လမ်းလျှောက်ရင် တောင်ဝှေး မကူလို့ မရဘူး. . ."

သူ့ကျောတစ်ပြင်လုံး ကြက်သီးမွေးညှင်းတွေ ဖျန်းခနဲ ထသွားသည်။ နားထင်တွေလည်း ထူပူလာခဲ့သည်။ သူ အထိတ်ထိတ်အလန့်လန့် ဖြစ်ရပါပြီ။ တုန်လှုပ်ခြင်းများစွာလည်း ဖြစ်ပေါ်ခံစားနေရပါပြီ။ သည့်နောက်မှာတော့ အကျိုးသင့်အကြောင်းသင့် ပြောဆိုစရာရှိသည်များကို ပြောဆိုအပြီး သူ ပြန်လာခဲ့ချေတော့သည်။

"ဒါဖြင့် . . . ခင်ဗျား ထောက်ကြံ့မြို့စွန်အသွား လမ်းခနီးမှာ ကားပျက်နေတုန်းက အကူအညီ ပေးလိုက်တဲ့သူဟာ. . . ပွဲစားကြီး ဦးစိုးပိုင်ရဲ့ ဝိညာဉ်ပေါ့. . ."

"ဟုတ်တာပေါ့ဆရာ. . . လုံးဝဆို လုံးဝပဲ။ အဲသည်ကတည်းက ဝိညာဉ်လောကရှိတယ် ဆိုတာကို ကျွန်တော်. . . ယုံကြည်သွားခဲ့သလို သေခြင်းတရားရဲ့ ထူးခြားဆန်းကြယ်မှုကိုလည်း ထိတ်လန့်သွားခဲ့တယ်ဆရာ . . .။ ပြီးတော့ ကိုယ့်ရဲ့လွဲမှားနေတဲ့ လုပ်ရပ်တွေဟာ သံသရာအတွက်. . . ခါဝကူး မကောင်းနိုင်တော့ဘူးလို့





အသိတရားရပြီး. . . မကောင်းတဲ့ အမှုအကျင့်မှန်သမျှ စွန့်လွှတ်သို့ တရားဓမ္မဘက် အလေးမှုဖြစ်တော့တာပဲ ဆရာရေ. . ."

"သာဓု . . . သာဓု . . . သာဓုပါဗျာ ကိုဇော်ဖေ. . ."

မကြာခင် အိပ်ဆောင်ရှိရာသို့ ဝင်ကြရတော့မည်မို့ မိမိတို့လမ်းခွဲလိုက်ကြသည်။ အိပ်ဆောင်ဝင်တော့ ကာယကံရှင် ကိုဇော်ဖေမှာ အိပ်ပျော်မည်၊ မပျော်မည်ကို မိမိ မသိ။ မိမိသည်ကား ထူးခြားသော ဝိညာဉ်လောကအပေါ် စိတ်ဝင်တစား ဖြစ်မိခြင်းနှင့်အတူ တရားစခန်း သိမ်းပြီးပါက စာဖတ်သူတွေအတွက် စာတစ်ပုဒ်ပုဒ် ဖတ်နှုတ် ရေးသားဦးမည် ဆိုခြင်းပါတည်း။ ။

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com



## မြွေအန္တရာယ်မှ လွတ်မြောက်ခြင်း

နေ့စဉ်နေ့တိုင်း ကျွန်မ ဘုရားရှိခိုးပြီးလျှင် မေတ္တာသုတ် ရွတ်ပါသည်။

“မေတ္တာသုတ်ရွတ်ရင် ခန္ဓသုတ်ပါ . . . တွဲရွတ်၊ ဒီနေရာက မြွေပေါတယ်။ ခန္ဓသုတ် ရွတ်ရင် မြွေအန္တရာယ် ကင်းတယ်”

မိခင်ဖြစ်သူက ပြောခြင်းဖြစ်ပါသည်။

ကျွန်မတို့အိမ်ဝန်းကျင်တွင် မြွေ အလွန်ပေါပါသည်။ အထူးသဖြင့် မြွေစိမ်းမြီးခြောက်များ ပိုပေါပါသည်။

ခြံဝင်းအတွင်းရှိ သစ်ပင်များတွင် မြွေစိမ်းပေါက်စလေးများ

မြတ်ပုည

www.burmeseclassic.com

www.burmeseclassic.com



မိကြာခဏ တွေ့ရပြီး၊ ကျွန်မ မေတ္တာပို့ကာ ခြောက်လှန့်လွှတ်လေ့ရှိ ပါသည်။

ထို့ကြောင့် မိခင်ဖြစ်သူက ခန္ဓသုတ် နေ့စဉ်ရွတ်ဖို့ တိုက်တွန်း ခြင်းဖြစ်၏။

ကျွန်မကလည်း ယုံကြည်စွာပင် ခန္ဓသုတ်ကို ရွတ်ခဲ့ပါသည်။ မကြာမီပင် ကျွန်မတို့ ခြံဝင်းအတွင်း မြွေများ မတွေ့ရတော့ပေ။

"ခန္ဓသုတ်က. . . တကယ်စွမ်းတယ်လေ။ မြွေအန္တရာယ်က ကင်းဝေးတယ်။ မေမေတို့ ငယ်ငယ်ကလည်း ဒီခန္ဓသုတ်ကြောင့် မြွေ ဆိုးအန္တရာယ်က ကင်းခဲ့တယ်"

မေမေ ပြောပြသော အကြောင်းအရာမှာ လွန်စွာ စိတ်ဝင် စားဖို့ ကောင်းပါသည်။ ကြောက်စရာလည်း ကောင်းပါသည်။ မေမေ အပြောကောင်းသဖြင့် ကျွန်မတို့ မောင်နှမတစ်တွေမှာ မေမေ့အား မျက်တောင်မခတ် ငေးကြည့်ရင်း ရင်ဖိုစွာ ငြိမ်သက်လျက် နားထောင် နေမိကြပါသည်။

❖





အချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီး ၁၉၄၀ ပြည့်နှစ် နောက်က ဖြစ်ပါသည်။

ဝါးခယ်မမြို့နယ်၊ ဝတလုတ်ကျေးရွာသို့ အရေးပိုင်မင်းကြီး ၏ သမီးဖြစ်သော မြမြနှင့်သိန်းသိန်းတို့ အလည်ရောက်ရှိလာကြပါ သည်။

မြမြမှာ အသက်ဆယ့်ခြောက်နှစ်၊ သိန်းသိန်းမှာ အသက် ဆယ့်ရှစ်နှစ်အရွယ်ဖြစ်ပြီး အဒေါ်ဖြစ်သူ ဒေါ်ချစ်ထွေးနှင့်အတူ လာခဲ့ ကြခြင်းဖြစ်သည်။

ဒေါ်ချစ်ထွေး၏ခင်ပွန်းမှာ ဝတလုတ်ကျေးရွာဇာတိ ဖြစ် သည်။ ဝတလုတ်ကျေးရွာကို ပတ်၍ စီးဆင်းနေသော ချောင်းကို ဝတလုတ်ချောင်းဟူ၍ပင် အလွယ်တကူ ခေါ်ကြသည်။ ချောင်းက ရေစီးသန်သည်။ ချောင်းအတွင်း လှေစီးကြရသည်ကို မြမြတို့က တွေ့အကြုံ အသစ်အဆန်းဖြစ်ကာ ပျော်နေလေသည်။

ဒေါ်ချစ်ထွေးတို့အိမ်မှာ ချောင်းဘက်သို့ မျက်နှာပြုထား သော ခြေတံရှည်အိမ်ကြီး ဖြစ်ပါသည်။

ဒေါ်ချစ်ထွေး၏ သားနှစ်ယောက်မှာ အိမ်ထောင်ကျနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

အငယ်ဆုံးသမီး ထွေးထွေးနှင့်အတူ အဖော်ရရန် ခေါ်ထား သော တူမဖြစ်သူ မဲတူသာ အိမ်မှာရှိပါ၏။

ထွေးထွေး၊ မဲတူ၊ မြမြနှင့် သိန်းသိန်းတို့မှာ အပျိုပေါက်အရွယ် များဖြစ်ကာ ကလေးစိတ်လည်း မကုန်သဖြင့် ပျော်ပျော်ပါးပါး ဆော့ ကစားလျက် ခင်မင်ရင်းနှီးသွားကြပါသည်။

ချောင်း၏တစ်ဖက်မှာ သစ်ပင်ဝါးပင်များ ပေါများသော တောအုပ်ကြီး ရှိပါသည်။

ထိုတောအုပ်အတွင်းသို့ သစ်ခုတ်သမားများသာ သွားရော ရှိပြီး၊ လူသူ အရောက်အပေါက် နည်းလေသည်။

တစ်နေ့တွင် သစ်ခုတ်သမား ဦးအောင်ကြိုင်တို့ သားအဖ လှေကြီးတစ်စင်းဖြင့် ချောင်းကိုဖြတ်၍ ရောက်လာကြသည်။ လှေ ပေါ်တွင် ဝါးလုံးများအပြင် သစ်ခွပန်းများ ပါလာသည်။

ရှားပါးသော အမျိုးအစား သစ်ခွပန်းများဖြစ်၍ မြမြတို့မှာ မြင်တောင် မမြင်ဖူးပေ။

"ဟင်. . . လှလိုက်တဲ့ပန်းတွေ။ အဲဒီပန်းတွေ လိုချင်လိုက်တာ





တယ်"

"ဦးကြီး. . . သမီးတို့ကို အဲဒီပန်းတွေ ရောင်းပါ"

"ဒါရောင်းဖို့ မဟုတ်ဘူး။ သူများ မှာထားလို့ အိမ်မဲမြို့အထိ ယူသွားရမှာ"

"ဟာ. . . ဦးကြီးကလည်း သမီးတို့ကို တစ်ပွင့်စီ ရောင်းခဲ့ပါ"

ထွေးထွေးက နားပူနားဆာလုပ်သလို ပြောလိုက်၏။

"ဒီလိုပန်းတွေ. . . အဲဒီတောထဲမှာ အများကြီး။ နောက် တစ်ခါသွားမှ ခူးပေးမယ်။ ဒီဟာက အပင်လိုက်ကြီး၊ တစ်ပွင့်စီ ခွဲ လို့ မကောင်းဘူး"

ဦးအောင်ကြိုင်၏သားက ပြောလိုက်သည်။

"ကဲ. . . ကလေးမတွေ ကျေနပ်အောင် ဒီအပင်တစ်ပင် ပေး လိုက်မယ်။ အဲဒီပန်းကို. . . ဘုရားလှူချင် လှူ၊ ပန်ချင်လည်း ပန်၊ အကြာကြီး ခံတယ်"

"အဲဒါ ဘာပန်းခေါ်လဲ. . . ဦးကြီး"

"သစ်ပင်ခွကြား ကပ်ပြီး. . . ပေါက်တဲ့ပန်းဆိုတော့ သစ်ခွ ပန်းပေါ့။ တောထဲမှာ ပန်းမျိုးစုံရှိတယ်၊ မမြင်ဖူး မကြားဖူးတဲ့ ပန်း



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ။ အရမ်းလှတယ်"

"အရမ်းလှတယ်ဆိုတော့. . . လိုချင်လိုက်တာ။ အဲဒီတော

ကို သွားချင်လိုက်တာ"

ပန်းချစ်သော သိန်းသိန်းမှာ သွားချင်တာ ဆွေ့ဆွေ့ခုန်

၏။

ဦးအောင်ကြိုင်ပေးသော သစ်ခွပန်းမှာ ကြက်ဥနှစ်ရော

ပန်းပွင့်ဖြစ်ပြီး ရိုးတံမှာ အပွင့်လေးများ စီစီရီရီ ရှိနေ၏။ ဖယော

သစ်ခွကဲ့သို့သော ပန်းအမျိုးအစားဖြစ်သည်။

ပန်းများကို မပန်ရက်ဘဲ ဘုရားမှာလှူပြီး၊ မြမြတို့ မိန်းကလေ

တစ်စုမှာ ဦးအောင်ကြိုင်တို့အလာကို မျှော်နေမိကြသည်။

လေးရက်ခန့်ကြာသော် ဦးအောင်ကြိုင်တို့သားအဖ ပြ

ရောက်လာ၏။ ချောင်းတစ်ဖက်ကမ်း တောထဲသို့ သွားကြမည်

ထွေးထွေး၊ မဲတူ၊ သိန်းသိန်းနှင့် မြမြတို့ လိုက်သွားကြလေသည်။

မိုးအခါဖြစ်၍ ချောင်းမှာ ရေများ ပြည့်လျှံပြီး ရေစီးလည်

သန်သည်။

တောအုပ်သို့ ရောက်သွားသောအခါ ဦးအောင်ကြိုင်





ညောင်ပင်ကြီးတစ်ပင်အောက်ရှိ သစ်သားစင်ကလေးပေါ်တွင် ငှက်ပျောဖက် ခင်း၍ အသင့်ပါလာသော ကောက်ညှင်းနှင့် လက်ဖက်ကို လှူ၍ ဆုတောင်းသည်။

"အဲဒါ ဘာလုပ်တာလဲဟင်. . ."

မြမြက မေးသည်။

"ဒီတောက. . . ကြမ်းတယ်။ ညောင်ပင်ရုက္ခစိုးနဲ့ တောစောင့်တော်မင်း၊ ဒီမြေနဲ့ ပတ်သက်တဲ့ပုဂ္ဂိုလ်တွေကို တိုင်တည်ပြီး အန္တရာယ်ကင်းရှင်းဖို့. . . ဆုတောင်းရတာ"

ဦးအောင်ကြိုင်၏သား မောင်ဦးက ရှင်းပြလေသည်။

"ကဲ. . . မိန်းကလေးတို့ ခပ်ဝေးဝေး မသွားကြနဲ့။ ဟောဒီအနီးတစ်ဝိုက်မှာပဲ လိုချင်တဲ့ပန်းတွေ ခူးကြ။ ဒီတစ်ခါ. . . သစ်မခုတ်ဘူး။ ဆေးပင် ရှာမှာ. . ."

ဦးအောင်ကြိုင်က သူတို့မိန်းကလေးများအား ပန်းများရှိရာ ညွှန်ပြပေးပြီး သူတို့သားအဖကတော့ ဆေးပင်များ ရှာဖွေ၍ တူးဖော်ကြလေသည်။

အလေ့ကျပေါက်သော ရောင်စုံပန်းများကြားမှာ ဟိုပန်းသည်း



www.burmeseclassic.com

www.burmeseclassic.com



ခူး ဒီပန်းလည်း ခူးချင်နှင့် ခူးမဝအောင် ဖြစ်နေကြရာက မဲတူသည် သစ်ပင်ကြီးတစ်ပင်အောက်က တွင်းတစ်တွင်း၏ နှုတ်ခမ်းအစပ် မြက်ပင်များနှင့် ဖုံးနေသော ဥကြီးနှစ်ဥအား မြင်တွေ့ကာ ကောက် ယူလေသည်။

"အဲဒါ ဘာဥကြီးလဲ. . .။ ကြီးလိုက်တာ"

"ဗျိုင်းဥ"

"မဟုတ်ဘူး. . .။ မြွေဥဖြစ်မယ်"

"မြွေက ဥ,ဥလို့လား"

"ငါ့အမေက ပြောတယ်။ မြွေဥဆိုတာ ရှိတယ်"

"ဘာပဲဖြစ်ဖြစ်. . . မယူပါနဲ့။ သူ့နေရာ ပြန်ထားလိုက်ပါ"

မြမြက ပြောသည်။

"ဟာ. . . ဘာဖြစ်လဲ။ အဲဒီဥက ဘာအကောင်ပေါက်လဲ သိ ရတာပေါ့။ ယူသွားမယ်"

မဲတူက စပ်စပ်စုစု လုပ်တတ်သည်။ ကတ်သီးကတ်သတ်ပြော တွေးပြီး ကြံကြံဖန်ဖန် လုပ်တတ်၏။ မယူပါနှင့်လို့ သိန်းသိန်းက ပြောသည့်ကြားက ဥကြီးနှစ်ဥကို ရအောင် ယူလာခဲ့သည်။



ဦးအောင်ကြိုင်တို့ မသိအောင်လည်း ဥကြီးနှစ်ဥကို လှေပေါ်မှာ ဝှက်ထား၏။

တောထဲမှ ပြန်လာကြသောအခါ လှေကြီးပေါ်မှာ ဆေးပင်၊ ဆေးမြစ်တွေ စုံနေအောင် တင်ထား၏။

ဦးအောင်ကြိုင်တို့ သားအဖအပြင် ရွာထဲက သံချောင်းဆိုသူ ရွာသားတစ်ယောက်လည်း ပါသည်။

လှေကလည်း အတော်ကြီးသည်။ လှေကို ရွက်လွှင့်၍ ချောင်း မှီးအတိုင်း ဆင်းလာကြသည်။

မိုးသက်မိုးငွေ့တို့ဖြင့် တိုက်ခတ်လာသော လေနုအေးကြောင့် ချမ်းစိမ့်စိမ့်ပင် ဖြစ်လာကြသည်။

ကောင်းကင်ယံမှာလည်း နေကို မမြင်ရ။

မိုးသားမိုးရိပ်တို့ဖြင့် အုံ့မှိုင်းနေလေသည်။

"ဟေ့. . . ဟိုမှာ ကြည့်စမ်း။ ရေထဲမှာ တို့လှေနောက်ကို အကောင်တစ်ကောင် လိုက်နေသလားလို့။ ဘာကောင်လဲ. . ."

ဦးအောင်ကြိုင်က အရင်မြင်သည်။ လက်ညှိုးတထိုးထိုးနှင့် ရေထဲကြည့်၍ အော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံချောင်းနှင့် မောင်ဦးတို့လည်း သေချာကြည့်ကြသည်။

မြမြတို့ညီအစ်မနှင့် ထွေးထွေးတို့၏မျက်လုံးများလည်း လေ

နောက်မှ တရိပ်ရိပ် ပြေးလိုက်သည်ဆိုသော အကောင်ဆီသို့ စူးစိုက်

ကြည့်ကြသည်။

"ဟာ. . . မြွေကြီးပဲ"

သံချောင်း အလန့်တကြား အော်သည်။

"ဟုတ်တယ် မြွေကြီး. . .။ ဘာဖြစ်လို့ လှေနောက်ကို လိုက်

နေတာလဲ မသိဘူး"

"မသိဘူး. . .။ သူ့ဘာသာ ရေထဲမှာ သွားနေတာတော့

မဟုတ်ဘူး"

"သေချာတယ်နော်. . . မြွေ"

"ဟုတ်တယ်။ မြွေက ရေမြွေလား"

"ဘယ်က ဟုတ်ရမှာလဲ။ မြွေက မြွေဟောက်အမျိုးအစား

ကပဲ. . . အကြီးကြီးကွ။ ဒုက္ခပဲ. . . တို့နောက် တကယ်လိုက်လာတာ

ဆိုရင် ဒါ နတ်မြွေလား။ ဘာ အမှားလုပ်မိလို့လဲ"

ဦးအောင်ကြိုင် စိုးရိမ်ထိတ်လန့်စွာဖြင့် ပြောရင်း၊ မြွေက





ခြောက်လှန့်ရန် လှေပေါ်မှာ ရှိနေသော ဝါးရင်းတုတ်ကို ဆွဲကိုင်လိုက်

သည်။

မဲတူ ယူလာခဲ့သော ဥကြီးကို မြမြ သတိရသွားသည်။

"မဲတူ. . . ဟိုဥကြီးတွေရော ဘယ်မှာထားလဲ။ အဲဒါ မြွေဥ

အစစ်ပဲ။ ဒါကြောင့် လိုက်လာတာဖြစ်မှာ. . ."

မဲတူ စိုးရိမ် ထိတ်လန့် တုန်လှုပ်သွားသည်။

မျက်စိမျက်နှာလည်း ပျက်ကာ၊ ရေပြင်ပေါ်မှာ တရွေ့ရွေ့

လိုက်လာသော မြွေကြီးအား စူးစိုက်ကြည့်နေ၏။

"ဟုတ်တယ်။ ဥတွေရော. . . ပြန်ပေးလိုက်လေ"

"ဘယ်လို ပြန်ပေးရမှာလဲ"

"ဒီအတိုင်း. . . ရေထဲပစ်ချလိုက်"

"ဟုတ်တယ်. . . မဲတူ။ ဒီဥတွေနောက် လိုက်လာတာပဲ ဖြစ်ရ

မယ်"

ဒီတော့မှ မဲတူသည် ပန်းပင်များကြားမှာ ဝှက်ထားသော ဥ

ကြီးနှစ်လုံးအနက် တစ်လုံးကို မြှောက်၍ ရေထဲ ပစ်ချလိုက်၏။

ဥကြီးက ရေထဲသို့ ပလုံခနဲ မြည်ကာ ကျသွားရာ၊ မြွေကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် ဥကျသွားသောနေရာကို သူ့ခန္ဓာကိုယ်ဖြင့် ဖွဲ့ပတ်၍ ဥအ
အတူ ရေထဲမြုပ်သွားသည်ကို တွေ့ရပြီး၊ လှေက တဖြည်းဖြည်း
သွား၍ ဘာဖြစ်သည်ကို မမြင်ရတော့ချေ။

❖

"ဖြစ်မှ ဖြစ်ရလေတယ်။ မဲတူ. . . နင် ဘယ်လိုလုပ်တာ
ဥတစ်ဥ ပါလာသေးတယ်ပေါ့။ အဲဒါကို ဘယ်လို လုပ်ကြမလဲ"

အိမ်သို့ ရောက်သောအခါ အဒေါ်ဖြစ်သူ ဒေါ်ချစ်ထွေးအ
ပြောပြရာ ဒေါ်ချစ်ထွေးမှာ ရင်ဘတ်ကို လက်နှင့်ဖိ၍ စိုးရိမ်တ
ဖြစ်နေလေသည်။

"အဲဒီဥကြီးရော. . ."

"ဒီမှာ. . ."

"ဒါဆို. . . ဒီမှာ မထားနဲ့။ လွှင့်ပစ်လိုက်ချေ။ ချောင်း
လွှင့်ပစ်လိုက်"

"ချောင်းထဲ လွှင့်ပစ်ရင် ပျောက်သွားမှာပေါ့။ အဲဒီဥကို
ပြန်ထားလိုက်မယ်"

မဲတူက ပြောသည်။

"ဘာ. . . တောထဲ ပြန်သွားမယ်။ အရူးမရဲ့. . . နင်မို့ ဒီတော
ပြန်သွားရဲတယ်"

"ဦးကြီးတို့ နောက်တစ်ခါ သွားဦးမှာပဲ။ သူတို့နဲ့ ထည့်ပေး
မယ်လေ"

"အခု ဒါကြီးကို. . . ဘယ်နေရာ သွားထားမှာလဲ။ နောက်က
လာရင် ဒုက္ခ"

"ဟို. . . ဥတစ်လုံးရလို့ ကျေနပ်သွားရော့ပေါ့။ ဒီဥကို အိမ်
ဖေးက မြေအိုးလွတ်တစ်လုံး ရှိတယ်။ အဲဒီမှာ ထားလိုက်မယ်"

"ငါတော့ မထားရဲဘူး၊ ကြောက်တယ်တော်။ မြွေအန္တရာယ်
အောင် ခန္ဓသုတ် ရွတ်နေကြ"

ဒေါ်ချစ်ထွေးက ပြောသဖြင့် မြမြတို့ ညီအစ်မမှာ ဘုရား
ပ်ရှာပြီး ခန္ဓသုတ်ကို ရွတ်နေကြရသည်။

မဲတူကတော့ လုံးဝမကြောက်သည့်ပုံစံနှင့် ဥကြီးအား နောက်
ဖေးဖို့ချောင်ထဲမှာရှိသော မြေအိုးအလွတ်ထဲမှာ သိမ်း၍ ထည့်





www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။

ခရီးပန်းလာကြသဖြင့် ထိုနေ့ညက မောမောဖြင့် စော စီးစီး အိပ်ပျော်သွားကြသည်။

ဒေါ်ချစ်ထွေးကတော့ ဘုရားရှိခိုး ပရိတ်ရွတ်ပြီး၊ နိုးနိုးကြား ကြား အိပ်သည်။ ညသည် လွန်စွာ တိတ်ဆိတ်ငြိမ်သက်နေသည်။

ချောင်းကမ်းပါးနှင့် နီးနေသောကြောင့် ချောင်းရေစီးသံသော တော့ ကြားနေရ၏။ လဆန်းရက်မို့ လရောင်ကလေးဖြင့် ပတ်ဝန်း ကျင်ကို မြင်တွေ့နေနိုင်သည်။

လူကြီးပီပီ နိုးနိုးကြားကြား အိပ်တတ်လာသော ဒေါ်ချစ်ထွေး သည် အိပ်မပျော်ဘဲ ရင်ထဲမှာ တစ်ခုခုကို စိုးရိမ်နေမိ၏။

မိမိတို့ ခြံဝင်းထဲသို့ တစ်စုံတစ်ယောက် ဝင်ရောက်လာသည် လို ထင်မိ၏။ ထို့ကြောင့် ကြာကြာမနေနိုင်၊ အိပ်ရာမှ ထလိုက်၏

အိမ်ထဲမှာ စကားပြောသံလိုလို၊ လှုပ်ရှားသံလိုလို မီးဖိုချော ဘက်မှ ကြားမိ၏။

ရေနံဆီမီးခွက် ထွန်းညှိပြီး အိမ်နောက်ဖေး မီးဖိုခန်းသို့ ထွ လိုက်၏။





"ဟဲ့. . . အမယ်လေး ဘုရား"

ရုတ်တရက် အထိတ်တလန့် အော်လိုက်မိသည်။

ရေနံဆီ မီးခွက်အရောင်ဖြင့်ပင် အရာအားလုံးကို ထင်ရှား ာ မြင်ရ၏။

မီးဖိုချောင်၏ ကြမ်းပြင်ပတ်လည်မှာ မြွေတွေ တရွေ့ရွေ့သွား နေသည်။

ဘယ်နှကောင်မှန်းပင် မသိ။

ဒါပေမဲ့ ကြမ်းပြင်တစ်ခုလုံး မြွေတွေ ပြည့်နေသည်လို့ ထင်မိ ၏။

သေချာ မကြည့်ရဲတော့။

မျက်စိများလည်း ပြာဝေလာ၏။

ဥကြီး ထည့်ထားသော မြေအိုးပေါ်မှာ မြွေကြီးတစ်ကောင် ရစ်ပတ်ခွေနေတာ သတိထားမိပြီး အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သည်။

ဒေါ်ချစ်ထွေးသည် ခင်ပွန်းဖြစ်သူ ဦးသာကျော်အား နှိုးလိုက် ပြီး အကျိုးအကြောင်း ပြောကာ ဘုရားစင်ရှေ့မှာ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ကာ မေတ္တာသုတ်နှင့် ခန္ဓာသုတ်ကို မပြတ်ရွတ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးသာကျော်က မီးဖိုချောင်တံခါးရှေ့မှာ ခုံတစ်ခုနှင့် ပိတ်ထားကာ မြွေများ အတွင်းသို့ ဝင်လာမလား စိုးရိမ်တကြီး ကြည့်နေလေသည်။

အိပ်ခန်းထဲမှာရှိသော မိန်းကလေးတွေကို နှိုးပြီး ဦးသာကျော်က သတိနှင့်နေဖို့ ပြောလိုက်၏။

မြမြတို့မှာ ထိတ်လန့် ကြောက်ရွံ့ကာ အိပ်ခန်းထဲမှာ မနေရဲတော့။

ဘုရားစင်ရှေ့သို့ ရောက်လာကုန်သည်။

သိန်းသိန်းက ခန္ဓသုတ်ကို အခေါက်ခေါက်အခါခါ ရွတ်ဖတ်ရင်း မြွေများကို ရန်မပြုလိုပါ။ ဒီအိမ်မှ အမြန်ဆုံး ဖယ်ရှားဖို့လည်း ပြောဆို ဆုတောင်းနေလေသည်။

မိုးအေးအေးနှင့် အိပ်ပျော်နေသော ခွေးမ မိကျားလည်း ခုမှ ထပြီး ဟောင်နေသည်။

တစ်စစနှင့် အမှောင်ထုပျက်ပြယ်ကာ ရောင်နီလာပေပြီ။

ဘုရားစာ ရွတ်ရလွန်း၍ ဒေါ်ချစ်ထွေးမှာ ပါးစပ်ပင် ညောင်း





သွား၏။

မဲတူက ဖောခွေးတွေ ပြန်နေသည်။

“ဘာသံမှ မကြားဘူး။ မြွေတွေ ရှိသေးလား။ သွားကြည့်ပါဦး”

ဦးသာကျော်သည် ခုံကို ဖယ်၍ တံခါးကို အသာအယာ တွန်းပြီး ကြည့်လိုက်၏။

“ဟာ”

အလန့်တကြား အော်သဖြင့် အားလုံး အထိတ်ထိတ် အလန့်လန့် ဖြစ်သွားကြရသည်။

“ဘာလဲ”

“တစ်ကောင်မှ မရှိတော့ဘူး။ မြွေတစ်ကောင်မှ မရှိတော့ဘူး”

“ဟယ်. . . ဟုတ်လား”

မီးဖိုချောင်တံခါးဝသို့ စုပြုံ၍ မြမြတို့ သွားကြည့်ကြသည်။

တကယ်ပင် ဘာအကောင်မှမရှိ ရှင်းပြောင်နေသည်။

“ဟို. . . အိုးထဲက ဥကြီးရော”

အိုးဆီသို့ သွားပြီး မရဲတရဲ အဖုံးကို ဖွင့်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"[illegible] အဲဒီဥကြီးကို ဘယ်ကိုများ သယ်သွားကြသလဲ [illegible]"

"အော်ပါသေးရဲ့။ လူတွေကို ဘာအန္တရာယ်မှ မပေးဘူး။ ငှ ဖြင့် ခန္ဓသုတ်တွေ ရွတ်ဆိုလိုက်ရတာ။ ဘယ်နှခေါက်တောင်လည်း မသိဘူး"

ထိုအဖြစ်အပျက်ကို မြမြတို့ ဇော်တော်နှင့် မေ့မရပါ။

မကြာခဏလည်း ဒီအဖြစ်အပျက်ကို ပြန်ပြောမိကြရင်း နေ့စဉ် လည်း မေတ္တာသုတ်နှင့် ခန္ဓသုတ်ကို ရွတ်ပွားနေမိကြလေသည်။

အဖြစ်အပျက်ကတော့ ကြာလှပြီ ဖြစ်ပါသည်။

ထိုအဖြစ်အပျက်ကို ကိုယ်တွေ့ကြုံခဲ့သော မြမြ ခေါ် ကျွန်မ၏ မိခင်ဒေါ်မြခင်က ပြောပြပြီး ခန္ဓသုတ်ကို ရွတ်ပွားခဲ့သည်မှာ ယနေ့ တိုင်ပင် ဖြစ်ပါသည်။

ကျွန်မတို့ခြံဝင်းထဲမှာ မြွေများလည်း မရှိတော့ပါရှင်။

တက္ကသိုလ်ယဉ်လဲ့

မြတ်ပုညဲ



www.burmeseclassic.com

# ရသေ့ကြီးဦးရွှေတောင်နှင့် လွန်လေပြီးသော ဆယ်နှစ်တာ

တသွင်သွင် စီးဆင်းနေသော စမ်းချောင်းကလေးတစ်ခု အသွင်ရှိ၏။ ထိုစမ်းချောင်းကလေးနှင့် ပူးတုံခွာတုံဖြစ်လျက် မထင်မရှား လူသွားလမ်းကလေးတစ်ခုပင် ရှိ၏။ တောစပ်ကလေးတစ်နေရာမှ စတင်သော ထိုလူသွားလမ်းကလေးသည် တဖြည်းဖြည်းနှင့် တောနက်ပိုင်းထဲသို့ ဝင်သွားလေ၏။

တနေ့သ၌ အသက် ၂၀ ကျော်ကျော်ခန့် လူငယ်တစ်ဦးသည် ခရီးဆောင်အိတ်ကြီးဘစ်လုံးကို လွယ်လျက် ထိုတောလမ်းကလေးအတိုင်း တရွေ့ရွေ့ လျှောက်လှမ်း၍ လာလေ၏။ တစ်နေရာသို့



www.burmeseclassic.com

www.burmeseclassic.com



အရောက်တွင် များပြားလွန်းလှစွာသော သဘော်ပင်ကြီး‚ငယ်များ ပေါက်ရောက်နေသည့် နေရာတစ်ခုသို့ ရောက်လာလေ၏။ သဘော်ပင်များမှာ ကောင်းစွာ သန်လွန်းလှသည့်အပြင် အပင် အတော်များများ၌ သဘော်သီးများ ပွတ်ခဲ၍ သီးနေသည်ကိုလည်း တွေ့ရ၏။ အချို့သဘော်သီးများမှာ သွီးခါစဖြစ်၏။ အချို့လည်း အတော်အတန် ကြီးနေပြီဖြစ်၏။ အချို့မှာမူကား မြင်ရသူ သွားရည်ယိုဖွယ်ကောင်းလှအောင် ဝင်းဖန့် မှည့်ရွှမ်းနေပြီဖြစ်၏။ ထိုသဘော်ပင်တောအုပ်ကြီးသည် မျက်စိတဆုံးမျှ ကျယ်ပြောလှစွာ၏။ တစ်နေရာတွင်မူ တဲကြီးတစ်လုံးကို တွေ့ရ၏။

ခရီးပမ်းလာသော လူငယ်သည် ထိုတဲကြီးရှိရာသို့ တရွေ့ရွေ့လျှောက်သွားလေ၏။ တဲကြီး၏ရှေ့တွင်မူ သဘော်ပင်ပေါက်ကလေးများကို မြေတောင်မြှောက်ပေးနေသော အသက် ခြောက်ဆယ်ကျော်ခန့် ရသေ့ကြီးတစ်ပါးကို တွေ့ရလေ၏။ ထိုရသေ့ကြီး၏ ထူးခြားချက်မှာ မျက်နှာ၌ ကန့်လန့်ဖြတ် အမာရွတ်ကြီးတစ်ခုရှိ၏။ ထိုခရီးကိုဖြတ်သန်း သွားဖူးကြကုန်သော ခရီးသည်တို့သည် ထိုရသေ့ကြီးအားရသေ့ကြီး ဦးရွှေတောင်ဟူ၍ သိထားကြကုန်၏။





ရသေ့ကြီး ဦးရွှေတောင်သည် ၎င်း၏နောက်ဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်လာသော လူရွယ်ကို လှည့်၍မျှပင် မကြည့်ဘဲ ၎င်း၏အလုပ်တွင်သာ အာရုံစူးနစ်လျက် လုပ်ကိုင်နေလေ၏။ လူရွယ်သည် ရသေ့ကြီးနှင့် ခြေလှမ်းခုနစ်လှမ်းခန့်အကွာသို့ ရောက်လာ၏။

"ဟောဟို တဲလေးထဲကို ဝင်သွား. . . သောက်ရေအိုးတွေ့မယ်၊ အမောပြေ ရေလေး သောက်လိုက်။ မောင်ရင့်မှာ ပါလာတဲ့ ဝန်စည်စလွယ်တွေကိုလည်း အဲဒီကွပ်ပျစ်ကလေးမှာ. . . တင်ထားလို့ ရတယ်။ အမောပြေတဲ့အခါကျတော့. . . ရေအိုးဘေးမှာ သဘော်ရွက်နဲ့ အုပ်ထားတဲ့ ပန်းကန်ပြားတစ်ချပ်ရှိတယ်။ အဲဒီ ပန်းကန်ပြားထဲမှာ အသင့်ခွဲပြီးသား သဘော်သီး မှည့်မှည့်ချိုချိုတွေ ရှိတယ်. . .။ အဲဒါကို တစ်ဝကြီး စားလိုက်ပေတော့. . ."

ဟု ရသေ့ကြီးသည် နောက်သို့မျှပင် လှည့်မကြည့်ဘဲ ၎င်း၏အလုပ်ကို စူးစိုက်၍လုပ်ရင်း တစ်လုံးချင်း ပြောလိုက်လေ၏။

ထို့ကြောင့် ခရီးသွားလူရွယ်သည် ရသေ့ကြီး ပြောသည့်အတိုင်း တဲထဲသို့ ဝင်သွားကာ ၎င်း၏အိတ်ကို ကွပ်ပျစ်ပေါ်သို့ ပုန်းခနဲ ပစ်ချလိုက်၏။ ပြီးနောက် သောက်ရေအိုးမှ ရေတစ်ခွက်ကို ခပ်



www.burmeseclassic.com

www.burmeseclassic.com



၍ အငမ်းမရ မော့ချလိုက်၏။ ထိုသို့ မော့ချပြီးနောက်. . .

"အမော့ကို ပြေသွားတာပဲ. . . တော်တော်အေးတဲ့ရေပါလား"

ဟု ရေရွတ်လိုက်လေ၏။ ထို့နောက် အနီးအပါးသို့ မျက် ကစားလိုက်ပြန်ရာ သဘော်ရွက်ကြီးတစ်ရွက်ဖြင့် အုပ်ထားသော ပန်းကန်ပြားတစ်ချပ်ကို တွေ့ရ၏။ လူရွယ်လည်း သဘော်ရွက် လှန်၍ ကြည့်လိုက်လျှင် စားချင့်စဖွယ် ခွဲစိတ်ထားသော သဘော်သီး များကို တွေ့ရလေတော့၏။ ထို့ကြောင့် လူရွယ်လည်း အငမ်းမရပင် သဘော်သီးစိတ်များကို ကောက်၍ စားပစ်လိုက်ရာ တစ်ထိုင်တည်း နှင့် ပန်းကန်တစ်ချပ်လုံး ကုန်သွားလေတော့၏။ ထိုသို့ အဝအ စားသောက်ပြီးနောက်. . .

"ကောင်းလိုက်တဲ့ သဘော်သီးကွာ. . . ချိုနေတာပဲ၊ အေး ဧ တာပဲ။ တော်တော့်ကို ကောင်းတာပဲ. . ."

ဟု ကျေနပ်အားရစွာ ရေရွတ်လိုက်လေ၏။ ထိုသို့ ရေရွတ်ပြီး နောက် ရသေ့ကြီးရှိရာဘက်သို့ လှည့်လိုက်ကာ စကားလှမ်း၍ ပြော မည်ဟု ဟန်ပြင်လိုက်လျှင် ၎င်း၏အလုပ်ကို စိတ်ပါဝင်စားစွာ လု နေသော ရသေ့ကြီးက လှည့်၍မျှပင် မကြည့်ဘဲ. . .





"လက်ဆေးဖို့ ရေက ဘယ်မှာလဲလို့. . . မေးမလို့ မဟုတ်လား။ ဲအပြင်ကို ပြန်ထွက်လိုက်. . . ဘယ်ဘက်ကို ချိုးလိုက်၊ အဲဒီမှာ စမ်းချောင်းထဲက ရေကို ဝါးလုံးတွေနဲ့ သွယ်ယူထားတာ ရှိတယ်။ ါက ရေတံခွန်နားလေးမှာ သွားပြီး မနေနိုင်တော့. . . ငါ့တဲနား လေးကို ရေတံခွန်လေး ရောက်နေအောင် လုပ်ထားတာပေါ့ကွာ. . .။ လက်ဆေးရုံတင် မကဘူး၊ ရေတောင် ချိုးလို့ရသေးတယ်. . ."

ဟု လှမ်း၍ ပြောလိုက်သောကြောင့် လူရွယ်လည်း ရသေ့ကြီး ပြောပြသောဘက်သို့ လျှောက်သွားရာ စမ်းချောင်းမှ သွယ်ထားသည့် ဝါးလုံးများမှနေ၍ ရေများ စီးကျနေသည်ကို တွေ့ရလေ၏။ ထိုဝါး လုံးများကို လူတစ်ရပ်ကျော်ကျော်ခန့် အမြင့်၌ တင်ထားခြင်းဖြစ် ရာ ဝါးလုံးများမှ ထွက်ကျနေသောရေသည် ရေတံခွန်ငယ်လေးတစ် ခုအလား ဖြစ်နေလေတော့၏။

လူရွယ်သည် ထိုနေရာသို့ လျှောက်သွားပြီးလျှင် ၎င်း၏လက် ကို ဆေးလေ၏။ ထိုသို့ လက်ဆေးရင်းနှင့် အေးမြလှသောရေ၏ အထိအတွေ့ကို လွန်စွာ သဘောကျသွားသည်ဖြစ်ရကား မအောင့် အည်းနိုင်တော့ဘဲ အဝတ်အစားများကို ချွတ်ကာ ရေချိုးလေတော့



www.burmeseclassic.com

www.burmeseclassic.com



၏။ လူရွယ်သည် အချိန်အတန်ကြာမျှ အားရပါးရ ရေချိုးနေ
လေမှာလည်း တဟူးဟူး တိုက်ခတ်နေသည်ဖြစ်ရာ တစ်ကိုယ်လုံး
၍ ချမ်းလာသောအခါကျမှပင် ရေချိုးခြင်းကို ရပ်လိုက်လေတော့

ပြီးနောက် တဲကြီးဆီသို့ လှမ်းလျှောက်သွားလေ၏။ ရသေ့
မှာမူ ၄င်း၏အလုပ်ကို တကုပ်ကုပ်နှင့် လုပ်နေပြန်လေ၏။ လူရွ
သည် ချမ်းလွန်းလှသောကြောင့် လက်ကို ပိုက်ထားကာ အလုပ်လု
နေသော ရသေ့ကြီးကို လှမ်း၍ကြည့်နေမိ၏။

"ရေချိုးလို့ကောင်းတာနဲ့. . . သတိလက်လွတ်နဲ့ ချိုးလိုက်တာ
အခု တော်တော်ချမ်းနေပြီ မဟုတ်လား. . ၊ တဲရဲ့ ဟိုဘက်ထော
မီးဖိုပေါ်မှာ မြေခရားတစ်လုံး တင်ထားတာရှိတယ်. . . ရေနွေး
ကျိုက်ကျိုက်ဆူနေလောက်ရောပေါ့။ လက်ဖက်ခြောက်လည်း
ထားပြီးသား. . . အဲဒီဘေးမှာ မြေရေနွေးကြမ်းပန်းကန်လေးတွေ
တွေ့လိမ့်မယ်၊ အသင့်ငှဲ့ပြီး သောက်ချလိုက်ရုံပါပဲ. . ."

ဟု ရသေ့ကြီးက နောက်သို့မျှပင် လှည့်မကြည့်ဘဲ ပြောလို
ပြန်၏။

လူရွယ်လည်း ရသေ့ကြီး ပြောသည့်အတိုင်း ရေနွေးကြ





ပုကို မှုတ်၍ တစ်ခွက်ပြီးတစ်ခွက် သောက်ချလိုက်လေ၏။ ထိုအခါ
ကျမှပင် နွေးနွေးထွေးထွေး ဖြစ်သွားကာ နေသာထိုင်သာ ရှိသွား၏။

ထို့နောက် လူရွယ်သည် ရသေ့ကြီး အလုပ်လုပ်နေသော နေရာ
သို့ လျှောက်သွားပြီးလျှင် ရသေ့ကြီးနှင့် စကားပြောလေ၏။ ရသေ့
ကြီးသည် လူရွယ်အား စကားပြန်ပြောသော်လည်း လှည့်၍မျှပင်
ကြည့်ဘဲ သူ့အလုပ်ကို သူလုပ်ရင်း ပြန်ပြောခြင်းမျိုးမျှသာဖြစ်၏။
လူရွယ်ကို သူ့အလုပ်လောက်ပင် အရေးထားဟန် မတူပါချေ။ ထိုသို့
ပြောရင်းပြောရင်းဖြင့် လူရွယ်သည် ရသေ့ကြီးအပေါ် မကျေမချမ်း
ဖြစ်လာ၏။ ထို့ကြောင့် စိတ်မရှည်နိုင်တော့ဘဲ ရသေ့ကြီး၏အနီးသို့
ကပ်၍ ထိုင်လိုက်ကာ ရသေ့ကြီး၏ပခုံးအား လက်နှစ်ဖက်ဖြင့် တွဲ၍
လှုပ်၍လှုပ်ရင်း. . .

"နေစမ်းပါဦး. . . ဦးရသေ့ရယ်။ ခင်ဗျား သဘောပင်တွေက
ဘယ်အချိန်လုပ်လုပ် ရပါတယ်ဗျ။ အခုတော့. . . ခင်ဗျားဟာက
ကျုပ်ထို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင်. . . မအောက်မေ့ဘူး
ထင်တယ်. . ."

ဟုပြောလိုက်လျှင် ရသေ့ကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့ကိစ္စလား. . . မကြီးတဲ့ကိစ္စလား ဆိုတာထက် အခု လုပ်ရမယ့်ကိစ္စလား. . . အခု မလုပ်ရမယ့်ကိစ္စလား ဆိုတာ ပိုပြီးစဉ်းစားရတယ် ကောင်လေးရေ . . ."

ဟု ပြန်၍ ပြောလေ၏။ ထိုသို့ ပြောရာ၌လည်း လူရွယ် ၎င်း စောင်း၍မျှပင် မကြည့်ဘဲ ၎င်း၏အလုပ်တွင်သာ အာရုံကို စူးစိုက်လျက် လုပ်ကိုင်ရင်း ပြန်၍ပြောလိုက်ခြင်းဖြစ်၏။ ထိုအခါ လူရွ က ဆက်၍ စကားပြောရန် ဟန်ပြင်လိုက်ရာ ဦးရွှေတောင်ဆိုသေ ရသေ့ကြီးက. . .

"မင်း မပြောခင်. . . ငါပြောမယ်။ လောကကြီးမှာ အရေးကြ ဆုံးကိစ္စကတော့ အခု လုပ်ရမယ့်ကိစ္စကို အခု လုပ်ဖို့ပဲကွ။ အဲဒီ ပဲ အခု မလုပ်ရမယ့်ကိစ္စကို အခု မလုပ်မိဖို့ပဲကွ. . .။ အဲဒါ တော်တော် အရေးကြီးတယ်. . .။ ဒါပေမဲ့ တချို့များကျတော့လည်း အဲဒီအဆင့်ထိတောင် မတွေးနိုင်ဘူးဟေ့။ အခု လုပ်ရမှာလား မလု ရမှာလားဆိုတာ ခွဲခြားနိုင်ဖို့ နေနေသာသာ. . . ဘာလုပ်ရမှန်း မ ဘူးကို ဖြစ်နေကြတာဟေ့။ တောင်လိုလို မြောက်လိုလို. . . ယော ခြောက်ဆယ်တို့ ဆိုတာမျိုးပေါ့၊ ဥပမာ. . . အခု မင်းဖြစ်နေသလို



ဘူ"

ဟု ပြောလိုက်လျှင် လူရွယ်သည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ထို့နောက် တဖွဲ့တသြဖြင့်. . .

"ဟား. . . ဟား. . . ဦးရသေ့ကလည်း အကုန်သိနေတော့တာပဲ။ စောစောက ကျုပ် ရောက်လာစတုန်းကလည်း. . . ဒီကောင်တော့ဖြင့် ရေဆာနေလောက်တယ်၊ ဒီကောင်တော့ဖြင့် ဗိုက်ဆာနေလောက်ပြီ၊ ဒီကောင်ကတော့. . . ရေချိုးချင်နေတော့မှာပဲ။ အဲဒါမျိုးတွေကို ခင်ဗျားက ကြိုကြိုပြီး သိနေတယ်"

ဟုပြောလိုက်ရာ ရသေ့ကြီး ဦးရွှေတောင်က. . .

"မဆန်းပါဘူး ကောင်ကလေးရယ်။ ငါ့ဆီကို မင်းလိုမျိုး ခရီးသည်တွေ မကြာမကြာ. . . ရောက်ရောက်နေတာကိုးကွ။ အဲဒီတော့ ခရီးသည်တွေရဲ့ အခြေအနေကို. . . ငါက အလွတ်ရနေတာပေါ့ကွာ"

ဟု အေးအေးလူလူပင် ပြန်၍ပြောလေ၏။ ထိုအခါ လူရွယ်က. . .

"ကဲဗျာ. . . ဒါဖြင့်ရင် ကျုပ်ဟာ ဟိုဟာလုပ်ရတော့မလိုလို၊



www.burmeseclassic.com

www.burmeseclassic.com



ဒီဟာလုပ်ရတော့မလိုလို့နဲ့. . . ယောင်ခြောက်ဆယ်ဖြစ်နေတယ် ဆိုတာကို ဦးရသေ့ ဘယ်လိုလုပ်မြီး သိသလဲ. . ."

ဟု မေးလိုက်ပြန်လျှင် ရသေ့ကြီးက. . .

"ဒါလည်း. . . သိပ် မခက်ပါဘူးကွာ။ မင်း လျှောက်လာတဲ့ ခြေသံကို လေ့လာလိုက်ရင် သိနိုင်ပါတယ်ကွာ။ မင်းက. . . မလှမ်းချင် လှမ်းချင်ပုံစံမျိုး၊ မသွားချင့်သွားချင်ပုံစံမျိုးနဲ့ လှမ်းလျှောက်လာတာကိုးကွ"

ဟု ပြန်၍ ပြောလေ၏။

"ဒါကတော့ဗျာ. . . ခရီးပန်းလို့ ပင်ပန်းနွမ်းနယ်နေရင်လည်း ဘယ်လိုလုပ်ပြီး. . . အင်နဲ့အားနဲ့ လမ်းလျှောက်နိုင်မှာဝဲလဲ"

ဟု လူရွယ်က မေးလိုက်ပြန်ရာ ရသေ့ကြီးက. . .

"ကွာပါတယ်ကွာ. . . သိသိသာသာကြီးကို ခြားနားပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုကြောင့် မလှုပ်တလှုပ် ဖြစ်နေတဲ့ ပုံစံရယ်. . . ၊ စိတ်ကြောင့် မလုပ်ချင်မကိုင်ချင် ဖြစ်နေတဲ့ပုံစံရယ် ဟာ. . . တော်တော်ကြီးကို ကွာခြားပါတယ်. . ."

ဟု ပြောလိုက်လျှင် လူရွယ်လည်း ဘာစကားတစ်ခွန်းမျှ မဆိုတော့ဘဲ ခေါင်းကိုသာလျှင် တဆတ်ဆတ် ညိတ်နေလေ၏။





ထို့နောက် ရသေ့ကြီး ဦးရွှေတောင်သည် ၎င်း၏အလုပ်ကို သက်စသောင်းလိုက်ပြီးနောက် ရေတံလျှောက်အနီး သွားကာ ကိုယ်လက်သန့်စင်လေ၏။ ယင်းနောက် တဲကြီးအတွင်းရှိ ကွပ်ပျစ်တွင် အေးအေးလူလူပင် ထိုင်ချလိုက်လေ၏။ လူရွယ်လည်း အနီးရှိ သစ်ငုတ်ကို ဖြတ်၍ ထိုင်ရန်ပြုလုပ်ထားသော တုံးကြီးတစ်တုံးပေါ်တွင် ဝင်၍ ထိုင်လိုက်ရင်း. . .

"ဦးရသေ့ အလုပ်လုပ်နေတာကို ကြည့်ရတာ တစ်မျိုးပဲနော်"

ဟုမေးလိုက်လျှင် ရသေ့ကြီးက. . .

"ငါက လုပ်စရာရှိတဲ့ အလုပ်ကို. . . တကယ် လုပ်တာလေကွာ"

ဟု ပြောလိုက်ရာ လူရွယ်သည် ဗျာခနဲ ရေရွတ်လိုက်လေ၏။ ထိုအခါ ရသေ့ကြီးဦးရွှေတောင်က လူရွယ်၏အမူအရာကို ကြည့်၍ သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက်. . .

"ဒီလိုလေကွာ. . . ။ လောကကြီးမှာ လူတချို့ဟာ. . . တချို့တောင်မှ မဟုတ်ပါဘူးလေ. . . တော်တော်များများဟာ အလုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တကယ် မလုပ်ကြဘူးကွ။ ဘာလို့ တကယ် မလုပ်ကြသလဲဆိုတော့ ဒီအလုပ်ဟာ ကိုယ်လုပ်ရမယ့်အလုပ်ပါလားလို့. . . မခံယူနိုင်လို့ ဒါမှ မဟုတ် သူတစ်ပါးခိုင်းလို့. . . လုပ်နေရတာမို့လို့ မလုပ်ချင်လုပ်ချင် နဲ့ လုပ်နေကြတာတွေလည်း ရှိတယ်။ နောက်တစ်ခုက ဘာလုပ်ရမှန်း မသိလို့ကိုပဲ. . . ကြုံမိကြုံရာ ဆွဲမိဆွဲရာကို ကောက်လုပ်နေကြတာ တွေလည်း ရှိတယ်။ အဲဒီတော့. . . အလုပ်ကောင်းကောင်းမွန်မွန်နဲ့ ပြီးမြောက်ရေး၊ အောင်မြင်ရေးအတွက် သူတို့စိတ်ထဲမှာ ဘယ်ရှိနေ ပါ့မလဲ။ ပြီးပြီးရောပဲ. . . ဝတ်ကျေတန်းကျေလေးပဲ လုပ်နေကြတော့ တာပေါ့. . .။ အဲဒီလိုလုပ်တော့. . . အလုပ်တွေလည်း တကယ်မပြီး ဘူးကွ။ အဲဒီထက် ပိုဆိုးတာကတော့. . . ကိုယ့်နှလုံးအိမ်မှာလည်း ပြီးမသွားဘူးကွ. . ."

ဟု ပြောလိုက်ပြန်ရာ လူရွယ်သည် ခေါင်းကို တဗျင်းဗျင်း ကုတ်ရင်း. . .

"ဘာတွေလဲ ဦးရသေ့ရယ်. . ."

ဟု ရေရွတ် ညည်းညူလိုက်ပြန်လေ၏။ ရသေ့ကြီး ဦးရွှေ တောင်ကလည်း သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မော





လိုက်ပြန်၏။ ထို့နောက်. . .

"ဒီလို ကောင်လေးရဲ့. . .။ ငါ့အနေနဲ့ ပျိုးပင်ပေါက်လေး တစ်ပင်ကို စိုက်ပျိုးတယ် ဆိုပါတော့ကွာ. . .။ မြေကြီးကို တူးဆွပြီး အပင်ကို မြေကျင်းထဲကိုထည့်၊ မြေကြီး ပြန်ဖို့၊ ရေလေး နည်းနည်း ပါးပါး လောင်းလိုက်ရင် ဒီအလုပ်ဟာ. . . ပြီးသွားတာပါပဲ။ ဒါပေမဲ့ စေတနာ မပါရင်တော့ မပြီးဘူးနော်. . . ကိုယ့်လူ။ ဘယ်မှာ မပြီး သလဲဆိုတော့ ကိုယ့်ရင်ထဲမှာ မပြီးတာ. . .၊ ကိုယ့်နှလုံးအိမ်မှာ မပြီး တာ. . .၊ ကိုယ့်အနေနဲ့ တကယ့်ကို စေတနာထားပြီး အပင်လေး ကောင်းကောင်းမွန်မွန် ရှင်သန်ဝေဆာပါစေကြောင်း ဆန္ဒနဲ့ အတတ် နိုင်ဆုံး အစွမ်းကုန် စိုက်ပျိုးပြီးစီးပါမှ. . . အပင် စိုက်ပြီးသွားတဲ့အခါ မှာ ကိုယ့်ရင်ထဲမှာ၊ ကိုယ်လုပ်လိုက်တဲ့ အလုပ်အပေါ်မှာ ကျေနပ် အားရ ပီတိဖြစ်သွားတာကွ. . .။ အဲဒီလို ကိုယ်လုပ်တဲ့. . . အလုပ် အတွက် ကိုယ့်ရင်ထဲမှာ ကျေနပ်ပီတိဖြစ်သွားပါမှ ကိုယ့်အလုပ် ပြီး မြောက် အောင်မြင်တယ်လို့ မှတ်ယူရမယ်. . .။ ဒီလိုပဲပေါ့ကွာ. . .၊ တံမြက်စည်း လှည်းရင်လည်း အပြင်မှာ အမှိုက်တွေ ပြောင်သွားရုံနဲ့ ပြီးဘူးကွ၊ ကိုယ့်ရင်ထဲမှာပါ ရှင်းသွား. . . ကျေနပ်သွားဖို့ လိုတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဝတ်လျှော်ရင်လည်း အပြင်မှာ. . . အဝတ်ပြောင်သွားရုံနဲ့ မပြီးဘူး ကွ၊ ကိုယ့်ရင်ထဲမှာပါ ရှင်းသွား၊ ကျေနပ်သွားဖို့လိုတယ်။ ဒီလိုပဲ ကွာ. . . ဘယ်အလုပ်မဆို ကိုယ့်ရင်ထဲမှာ ပြီးသွားပါမှ အလုပ်ပြီး တယ်လို့ မှတ်ယူပေတော့ ကောင်လေးရေ. . ."

ဟု ရှည်လျားစွာ ရှင်းပြလိုက်လေ၏။ လူရွှယ်လည်း နားလည် တစ်ဝက်၊ မလည် တစ်ဝက်ဖြင့် ခေါင်း တဆတ်ဆတ် ညိတ်နေလေ၏။ ထို့နောက် လူရွှယ်က. . .

"ရသေ့ကြီးဟာ အကြားအမြင် ရနေသလား. . . လို့တောင် အောက်မေ့ရတယ်၊ ကျွန်တော်လည်း ဦးရသေ့ကြီး ပြောသလို ဖြစ် နေတာပါပဲဗျာ. . ."

ဟု ပြောလိုက်လျှင် ရသေ့ကြီးက. . .

"ဒါပေါ့ကွာ. . . ဒါပေါ့၊ စောစောကတည်းက ငါပြောသားပဲ မင်း လျှောက်လာတဲ့ပုံစံဟာ. . . စိတ် မပါတပါနဲ့ လျှောက်လာတဲ့ ပုံစံမျိုးလေကွာ. . .။ အဲဒီတော့ ကြိုက်သလောက် လျှောက်၊ ဘယ် အရပ် ဘယ်ဒေသကိုပဲ ရောက်သွား ရောက်သွား. . .၊ မင်း ရင်ထဲ မှာတော့ ဘယ်ကိုမှ ခရီးပေါက်မှာ မဟုတ်ဘူး ကိုယ့်လူရေ. . ."





ဟု ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ရသေ့ကြီး ဦးရွှေတောင်သည် ပြောင်း ဖူးဖက် ဆေးပေါ့လိပ်တစ်လိပ်ကို ကောက်ယူ၍ မီးညှိကာ အေးအေး လူလူပင် ရှိုက်ဖွာနေလေ၏။

လူရွှယ်သည် ၎င်း၏အဖြစ်ကို ၎င်းဘာသာ တစိမ့်စိမ့် ပြန် ပြောင်း စဉ်းစားနေရာမှ. . .

"ဦးရသေ့ ပြောတာတွေ အားလုံးဟာ. . . အဟုတ်တွေချည်း ပါပဲ ဦးရသေ့ရယ်. . .။ အခု ဒီခရီးကို ထွက်လာတယ် ဆိုတာဟာ လည်း ကျွန်တော့်အနေနဲ့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပြီးမှ ထွက် လာခဲ့တာမျိုး မဟုတ်ပါဘူး။ ထွက်သင့်သလိုလို. . . မထွက်သင့်သလို လိုနဲ့ ဝေခွဲမရ ဖြစ်နေတဲ့ကြားက လုပ်မိလုပ်ရာ ကောက်လုပ်လိုက်တဲ့ သဘောပါပဲ။ ဘာရည်ရွယ်ချက်မှ. . . တိတိကျကျ မရှိပါဘူးဗျာ"

ဟု ပြောလိုက်လျှင် ရသေ့ကြီးဦးရွှေတောင်သည် ဆေးလိပ် မီးခိုးများကို ဟူးခနဲ မှုတ်ထုတ်လိုက်ပြီးနောက်. . .

"ဘာကိုပဲလုပ်လုပ်. . . ကျကျနန စဉ်းစားပြီးမှ၊ အသေအချာ ဆုံးဖြတ်ချက်ချပြီးမှ လုပ်တာကောင်းတယ် ကိုယ့်လူရေ. . .။ ဟိုချို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်တွေဟာ ချက်ချင်းလက်ငင်း. . . မသိသာပေမယ့် နောက် ငါးနှစ်တန်သည်၊ ဆယ်နှစ်ထန်သည်၊ နှစ်နှစ်ဆယ်တန်သည် ကြာလာ တဲ့အခါမှာ. . . အဲဒီအလုပ်ကလေးရဲ့ အကျိုးဆက်ဟာ မယုံနိုင် လောက်အောင် ကြီးမား ကျယ်ပြန့်သွားတတ်တယ်ကွ”

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ လူရွယ်က ရသေ့ကြီး၏ စကားကို နားမလည်နိုင်စွာဖြင့်. . .

“ဘယ်လိုမျိုးလဲဗျ. . . ”

ပြန်၍ မေးလိုက်လေ၏။ ရသေ့ကြီးသည် လူရွယ်၏ မျက်နှာ အား ကရုဏာသက်စွာဖြင့် တစိမ့်စိမ့်ကြည့်နေ၏။ ထို့နောက် ဆုံး ဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်ဟန်ဖြင့်. . .

“လူလေး သဘောပေါက်သွားအောင် ပြောပြလိုက်ပါမယ် ကွယ်. . . ”

ဟု အစချီကာ အောက်ပါအတိုင်း ပြောပြပါလေတော့ သတည်း။

❖





တစ်နေ့သ၌ တငြိမ့်ငြိမ့် စီးဆင်းနေသော စမ်းချောင်းလေး တစ်ခု၏ဘေးရှိ တဲကလေးတစ်လုံးအတွင်း၀ယ် ရသေ့ကြီးတစ်ပါး သည် ငြိမ်သက်စွာ ထိုင်လျက် တရားရှုမှတ်နေလေ၏။ နာရီ အတန် ကြာမျှ ထိုသို့ ထိုင်နေပြီးနောက် ရသေ့ကြီးသည် တဲကလေး၏အပြင် သို့ ထွက်လာကာ အညောင်းအညာပြေအောင် ကိုယ်လက်လှုပ်ရှား ခြင်းကို ပြုလေ၏။ ထိုသို့ ကိုယ်လက်လှုပ်ရှားရာ၌ ခြေများ၊ လက်များ ကို တွဲ၍၊ လှုပ်၍ ကစားရုံမျှသာမက ၎င်း အမြဲကိုင်ဆောင်နေကျ လူတစ်ရပ်ကျော်ကျော်ခန့် ရွှေရောင် ၀ါးတောင်ဝှေးကြီးကိုပါ လွှဲ၍ လွှဲ၍ ကစားနေလေ၏။ တောင်ဝှေးကြီးကို ဝှီးခနဲ ဝှီးခနဲ နေအောင် လွှဲလိုက်သောအခါများတွင် ရသေ့ကြီးသည် အင်အားကို အတန် အသင့် အသုံးပြုသော်လည်း ၎င်း၏အမူအရာမှာ များစွာ အားစိုက် ရဟန်မတူဘဲ နွဲ့နွဲ့နှောင်းနှောင်းနှင့် စည်းချက်ဝါးချက်ကျကျ က, နေဘိသည့်အလား လွန်စွာမှ ကြည့်၍ ကောင်းလှတော့၏။

ရသေ့ကြီးသည် အထက်က ဆိုခဲ့သည့်အတိုင်း ၀ါးတောင်ဝှေး ကြီးကို လွှဲ၍လွှဲ၍ ကိုယ်လက်လှုပ်ရှားမှုကို ပြုလုပ်နေနေ၏။ တစ်ခါ သော် ရသေ့ကြီး၏ ၀ါးတောင်ဝှေးအဖျားသည် အနီးရှိ သဘောပင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်မှ သဘော်သီးလေးတစ်လုံးကို သွား၍ ထိမိသည်ဖြစ်ရကား သဘော်သီးကလေးသည် တောင်ဝှေးဖျားတွင် ပါသွားပြီးနောက် ဖုတ်ခနဲ မြေပြင်သို့ ကျသွား၏။

ထိုသဘော်ပင်တွင် သဘော်သီးမှာ နှစ်လုံးမျှသာ ရှိ၏။ ယခုအပင်ပေါ်တွင် တစ်လုံးသာ ကျန်နေလေတော့၏။ ရသေ့ကြီးသည် ကြွေကျသွားသော သဘော်သီးကလေးကို ကောက်ယူလိုက်ပြီးနောက် တစိမ့်စိမ့် ကြည့်နေလေ၏။ ထို့နောက်တွင်ကား ထိုသဘော်သီးကလေးကို တဲအတွင်း တစ်နေရာ၌ သိမ်းဆည်းထားလိုက်လေတော့၏။

ထိုသဘော်သီးကလေးသည် တဖြည်းဖြည်း ရှုံ့တွကာ နွမ်းခြောက်သွား၏။ ထို့အတူပင် အပင်ပေါ်၌ ကျန်နေခဲ့သော သဘော်သီးကလေးမှာမူ တဖြည်းဖြည်း ကြီးထွားလာပြီးနောက် ဝါဝင်းမှည့်ရွှမ်းသော အဖြစ်သို့ ရောက်လာလေတော့၏။

ထိုသဘော်သီး ကောင်းစွာ မှည့်သောအခါ ရသေ့ကြီးသည် အသာအယာ ခူးဆွတ်၍ ရေဆေး၏။ ခွဲစိပ်ပြီးနောက် ဦးစွာ ပထမ ဆွမ်းတော်တင်၏။ ထို့နောက် ၎င်းလည်း မြိန်ယှက်စွာ စားသောက်လေ၏။ ပြီးနောက် အစေ့များကို တဲ၏ဘေး တစ်နေရာ၌ ကြဲပက်





ထားလိုက်လေတော့၏။

ရက်အတန်ကြာသည်ရှိသော် ထိုနေရာ၌ သဘော်ပင်ကလေးများ ပေါက်လာကြ၏။ ရသေ့ကြီးသည် ထိုသဘော်ပင်ကလေးများကို တစ်ပင်စီခွဲလျက် စနစ်တကျ စိုက်ပျိုး၏။ နေ့စဉ် စမ်းချောင်းမှ ရေဖြင့် ဖျန်းလောင်းပေး၏။ မြေတောင်မြှောက်ပေး၏။ ဤသို့ဖြင့် များမကြာသောကာလ၌မှာပင် ရသေ့ကြီး၏ တဲဝန်းကျင်၌ သဘော်ပင်များစွာဖြင့် ဝေဝေဆာဆာကြီး ဖြစ်လာလေတော့၏။ ရသေ့ကြီးသည် တကူးတက သစ်သီးသစ်ဖု ရှာရန် မလိုတော့ဘဲ ထိုသဘော်သီးများကို အဓိက အားပြု၍ အာဟာရကို ကောင်းစွာ မှီဝဲနိုင်လေ၏။ ဤသို့ဖြင့် သဘော်ပင်များ ပွားသည်ထက် ပွားလာခဲ့ရာ နောက်ဆုံးတွင် မျက်စိတစ်ဆုံးမက ကျယ်ပြောလှသော သဘော်ပင်အုပ်ကြီး ဖြစ်လာခဲ့ပါလေတော့သတည်း။

❖

ရသေ့ကြီးသည် အထက်အတိုင်း တစ်လုံးချင်း ပြောပြပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် တဲ၏တစ်နေရာတွင် တင်ထားသော နွမ်းခြောက် ရှုံ့တွ‌ေ
သည့် သဘော်သီးကလေးတစ်လုံးကို ယူ၍ လူရွယ်၏လက်သို့ လှမ်း
ပေးလိုက်၏။ ထိုနောက်. . .

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းကသာ. . . ငါ့အနေနဲ့
သဘော်သီးလေးကို တောင်ဝှေးနဲ့ ရိုက်မချမိခဲ့ဘူးဆိုရင် ဒီသဘော်
သီးလေးရဲ့ အကျိုးဆက်ဟာ. . . အခုအခြေအနေနဲ့ တခြားစီ ဖြစ်ေ
မှာပဲ။ အဲဒီတုန်းက သဘော်ပင်မှာ. . . အသီးလေးနှစ်လုံး သီး‌ေ
တယ်၊ အဲဒီအသီးနှစ်လုံးဟာ အခြေအနေအားလုံး. . . အတူတူ‌ေ
ချည်းပဲ။ ဒါပေမဲ့. . . အပင်ပေါ်မှာ ဆက်ပြီး ကျန်ခဲ့တဲ့အသီးလေး
အကြောင်းပြုပြီး ဟောဒီ ပတ်ဝန်းကျင်မှာ. . . မင်း မြင်နေရတဲ့
သဘော်တောကြီး ဖြစ်လာခဲ့တယ်။ အဲဒီတော့. . . လွန်ခဲ့တဲ့ ဆယ်နှ
လောက်တုန်းက သဘော်သီးလေးတစ်လုံးကို တုတ်နဲ့ ရိုက်ချခဲ့မိခြင်း
မချမိခဲ့ခြင်းဆိုတာဟာ. . . ဘာမှ အရေးကြီးတဲ့ကိစ္စတစ်ခု မဟုတ်ခဲ့
ဘူး၊ ဝမ်းသာစရာလည်း မဟုတ်ခဲ့ဘူး၊ ဝမ်းနည်းစရာလည်း မဟုတ်ခဲ့
ဘူး။ ဒါပေမဲ့. . . အဲဒီအကျိုးဆက်ဟာ အခုလို အချိန်ကာလများစွာ
ကြာလာတဲ့အခါမှာတော့ ‌ေ ခြေအနေခြင်း မိုးနဲ့မြေလို ကွာခြားသွာ





ခဲ့ပါပြီ။ အခုအချိန်ကျမှ. . . ပြန်ပြင်မယ်ဆိုရင်လည်း ပြင်လို့ မရ
ကောင်းတော့ပါဘူးကွယ်. . ."

ဟု စိတ်ရှည်လက်ရှည် ရှင်းပြလိုက်လေ၏။ လူရွယ်သည်
ရသေ့ကြီး၏မျက်နှာကို တစိမ့်စိမ့်ကြည့်နေ၏။ ထို့နောက်. . .

"အဲဒီတော့. . . ကျွန်တော်ကော ဘာတွေ ဆက်လုပ်ရမလဲ
ဦးရသေ့. . ."

ဟု မေးလိုက်ရာ ရသေ့ကြီးက. . .

"များသောအားဖြင့် ကိုယ် ဘာလုပ်သင့်တယ်၊ ဘာမလုပ်
သင့်ဘူးဆိုတာ ဘေးပြောပြတာထက်. . . ကိုယ့်ဟာကိုယ် သိပြီးသား
က များပါတယ်ကွာ. . .။ အဲဒီလို သိတဲ့အတိုင်း ဆုံးဖြတ်ချက် ဒုန်း
ဒုန်းချပြီး တစိုက်မတ်မတ်. . . လုပ်သွားဖို့ပါပဲ။ ကောင်းတာပဲ လုပ်
လုပ်၊ ဆိုးတာပဲ လုပ်လုပ်၊ များသောအားဖြင့်တော့. . . ချက်ချင်း
လက်ငင်း မသိသာရင်တောင်မှ ကာလကြာရှည်လာတဲ့အခါမှာ အဲ
ဒီလုပ်ရပ်ရဲ့ အကျိုးဆက်ဟာ. . . အများကြီး အများကြီး သိသာလာ
ပါလိမ့်မယ်. . ."

ဟု ပြန်၍ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ဦးရသေ့ရယ်. . .။ ဘာဘဲဖြစ်ဖြစ် ကျွန်တော် ဘာလုပ်သင့်တယ် ဆိုတာလေးတော့ ကျေးဇူးပြုပြီး လမ်းညွှန်ပေး ပါဦးဗျာ. . ."

ဟု လူရွယ်က ပြောလိုက်ပြန်၏။ ထိုအခါ ရသေ့ကြီး ဦးရွှေ တောင်သည် လူရွယ်အား သနားသော၊ ကရုဏာသက်သော၊ စိတ် မရှည်သော မျက်လုံးမျိုးဖြင့် ကြည့်ရင်း. . .

"ငါ့အနေနဲ့ မောင်ရင့်ကို ဘာလုပ်ပါ. . . ဘာမလုပ်ပါနဲ့ ဘာလုပ်သင့်ပါတယ်၊ ဘာမလုပ်သင့်ပါဘူး ဆိုတာမျိုး ပြောမနေတော့ ပါဘူး။ ဘာဘဲလုပ်လုပ်. . . အခုန ငါပြောခဲ့တဲ့ အကြောင်းအရာလေး ကိုပဲ ခေါင်းထဲမှာ ထည့်ထားလိုက်ဖို့ပါပဲ၊ အဲဒီတော့ ငါ့ပါးစပ်က မောင်ရင့်အတွက် ဘာမှ လမ်းမညွှန်တော့ပါဘူး ၊ ဟောဒီ သဘော်သီး အခြောက်ကလေးကိုပဲ မောင်ရင့်ဘဝအတွက် လမ်းညွှန်လက်ဆောင် အဖြစ် ပေးလိုက်ပါတယ်ကွယ်. . ."

ဟု တည်ကြည် လေးနက်သောလေသံဖြင့် တစ်လုံးချင်း ပြော ပြရင်း သဘော်သီးကလေးကို လူရွယ်၏လက်သို့ ကမ်းပေးလိုက် လေ၏။



လူရွယ်လည်း ကျေနပ်ပီတိဖြစ်သော မျက်လုံးအစုံဖြင့် ရသေ့ ကြီးအား တစ်စိမ့်စိမ့် ကြည့်နေပြီးနောက် ရသေ့ကြီး၏ခြေအစုံကို ၄င်း ၏နဖူးဖြင့် ထိလျက်၊ ရိုကျိုး မြတ်နိုးစွာ ကန်တော့လိုက်လေ၏။ ထို့ နောက် ရသေ့ကြီး ပေးလိုက်သော သဘော်သီး အခြောက်ကလေးကို လက်နှစ်ဖက်ဖြင့် တယုတယကိုင်ရင်း တရှိုက်မက်မက် နမ်းရှုံ့လိုက်ပါ လေတော့သတည်း. . .။ ။

ဇင်ယော်နီ

မြတ်ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



## စုံထောက်ကြီး ဦးဘလှနှင့်...
## အိပ်မက်မှ ပေါ်ထွက်ပေးသော အမှု

ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ စုံထောက်ကြီး ဦးဘလှမှာ မ်ရှေ့ဧည့်ခန်း၌ အင်္ဂလိပ်စာအုပ်တစ်အုပ်ကို ဖတ်ရှုနေလေ၏။

"ဗျို့ ဦးဘလှ. . . ဒီနေ့မနက် လမ်းလျှောက် မထွက်ဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီး ဦးဘလှက. . .

"ဟုတ်တယ် ဦးဘအေးရေ. . .။ အိပ်ရာက နိုးကတည်းက တ်လှုပ်ရှားမှုတစ်ခု ဖြစ်လာတာနဲ့ အင်္ဂလိပ်စာအုပ်တစ်အုပ် ဖတ် တာ"

မြတ်ပုည

www.burmeseclassic.com

www.burmeseclassic.com



ဟု အင်္ဂလိပ်စာအုပ် ဖတ်နေရင်း ကျွန်ုပ်အား မကြည့်ဘဲ ပြော လိုက်လေ၏။

ထို့နောက် ကျွန်ုပ်လည်း ဘာစကားမှ ဆက်မပြောတော့ဘဲ ရေအိမ်ဝင်ကာ ကိစ္စအဝဝကို ဆောင်ရွက်ရလေတော့၏။ ထို့နောက် ရေချိုးကာ အဝတ်အစားလဲ၍ ထွက်လာသည့်တိုင်အောင် စုံထောက် ကြီး ဦးဘလှသည် အင်္ဂလိပ်စာအုပ်ကို စိတ်ဝင်တစား မြိန်ယှက်စွာ ဖတ်ရှုနေလေ၏။

ကျွန်ုပ်သည် စုံထောက်ကြီး ဦးဘလှကို မခေါ်တော့ဘဲ ကျွန်ုပ် တစ်ယောက်တည်း ဘဲလူး ကြော်ပေးသော ထမင်းကြော်ကို နံနက်စာ အဖြစ် စားသုံးလေ၏။

ထမင်းကြော် ကုန်၍ ကော်ဖီ သောက်နေစဉ်မှာပဲ စုံထောက် ကြီး ဦးဘလှ ရောက်လာပြီး အင်္ဂလိပ်စာအုပ်ကို ထမင်းစားပွဲပေါ် တင်ကာ ထမင်းကြော်ကို စားလေ၏။

ကျွန်ုပ်လည်း ကော်ဖီသောက်နေရင် အမှတ်မဲ့ စုံထောက်ကြီး ဦးဘလှ ဖတ်သည့် အင်္ဂလိပ်စာအုပ်ကို လှမ်းကြည့်လိုက်ရာ တိရစ္ဆာန် အကြောင်းတွေ ရေးထားသောစာအုပ် ဖြစ်လို့နေလေ၏။ ထို့ကြောင့်





ကျွန်ုပ်သည် စုံထောက်ကြီး ဦးဘလှအား ထမင်းကြော်ကို မြိန်ယှက် စွာ စားနေသဖြင့် မေးစရာရှိသည်ကို မမေးတော့ဘဲ ကော်ဖီ ဆက် သောက်နေလေ၏။

"ဗျို့ ဦးဘအေး. . . ကျုပ် တိရစ္ဆာန်အကြောင်းတွေ ဖတ်နေ တာကို. . . ခင်ဗျား မေးချင်နေတယ် မဟုတ်လား"

ဟု လူ့အကဲကို ဖွေနစွာမှ ခတ်တတ်သည့် ကျွန်ုပ်၏ ချစ်လှ စွာသော မိတ်ဆွေကြီး စုံထောက်ကြီး ဦးဘလှက မေးလိုက်လေ၏။

"ဟုတ်ပါတယ် ဦးဘလှ. .။ မနက်စောစော လမ်းလျှောက် နေကျ လမ်းမလျှောက်ဘဲ တိရစ္ဆာန်အကြောင်း ရေးထားတဲ့ အင်္ဂလိပ် စာအုပ်ကို သဲကြီးမဲကြီး ဖတ်နေတာကို. . . ကျုပ် အရမ်းသိချင်နေ တာဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီး ဦးဘလှက. . .

"ဒီလိုဗျ ဦးဘအေးရေ။ ကျုပ်. . . ခွေးတစ်ကောင်ကို အိပ်မက် မက်တယ်။ ခွေးဆိုပေမယ့် ၂ လ ၃ လ အရွယ် ခွေး။ ပြီးတော့ ခွေး က မြန်မာခွေးတော့ မဟုတ်ဘူး။ အမွေးစုတ်ဖွားနဲ့ သူဌေးအိမ်တွေ မှာ အလှမွေးတဲ့မျိုးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေ၏။

"အဲဒါနဲ့ပဲ. . . ကိုယ့်လူကြီးက ခွေး မွေးချင်စိတ်ပေါက်ပြီး တိရစ္ဆာန်အကြောင်း ဖတ်နေတာလားဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ. . .

"တိရိစ္ဆာန်တွေထဲမှာ ခွေးဆိုတဲ့အမျိုးဟာ အတော်ထူးဆန်းတယ်။ သူတို့ဟာ လူတွေနဲ့ အတော်နီးနီးစပ်စပ်နေပြီးတော့ လူတွေရဲ့ ဒဏ်ကိုလည်း ခံနိုင်စွမ်းရည် အရှိဆုံး၊ သစ္စာလည်း အရမ်းရှိတယ်ဗျ။ ပြီးတော့. . . သူတို့ကို မွေးထားတဲ့သခင် ကျန်းမာရေးညံ့ပြီး သေလုမြောပါး ဖြစ်နေရင် သူတို့က အသက်ကို စတေးတတ်တယ်။ သခင့်အစား သူတို့ အသေခံတတ်တဲ့မျိုးဗျ။ နောက်. . . သူတို့ဟာ သေသွားသည့်တိုင်အောင် သူတို့ရဲ့ဝိညာဉ်ဟာ. . . လူတွေကို ပြနိုင်တယ်ဗျ ဦးဘဒွေးရ"

ဟု စုံထောက်ကြီး ဦးဘလှက ခွေးအကြောင်းကို စာဖွဲ့၍ ပြောနေလေ၏။

"ဟုတ်ပါပြီဗျာ. . .။ ဒါနဲ့ ခင်ဗျား အိပ်မက်နဲ့က. . . ဘယ်လို ဆက်နွယ်နေတာတုန်း။ ပြီးတော့ ကျွန်တော်တို့ကလည်း ခွေးမွေး





ထားကြတာ မဟုတ်ဘူးလေ"

ဟု ကျွန်ုပ်က စုံထောက်ကြီး ဦးဘလှအား မေးလိုက်လေ၏။

"မပတ်သက်တာ မဟုတ်လို့ ကျုပ် စိတ်လှုပ်ရှားပြီး တိရစ္ဆာန်တွေအကြောင်း ရေးထားတဲ့ အင်္ဂလိပ်စာအုပ် ဖတ်နေတာ"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်ရာ ကျွန်ုပ်က. . .

"ခင်ဗျား. . . အိပ်မက်ထဲမှာ ခွေးက ဘယ်လိုများ မက်တာလဲ"

ဟု မေးလိုက်၏။

"ဘယ်လို မက်သလဲဆိုတော့. . . ကျုပ်နောက်ကို အမွေးစုတ်ဖွားနဲ့ ခွေးပေါက်လေးက တကောက်ကောက် လိုက်လာတယ်။ မောင်းထုတ်တာလည်း မသွားဘူးဗျ။ အဲဒီအချိန်မှာ. . . လူကြီးတစ်ယောက်က တွေ့သွားပြီး ကျုပ်နောက်ကို လိုက်နေတဲ့ ခွေးစုတ်ဖွားလေးကို တိုင်ပေါက်ပြီး ကျုပ်ရှေ့မှာ သတ်လိုက်တာဗျ။ အဲဒီအချိန်မှာ ကျုပ်လည်း အိပ်ရာက လန့်နိုးသွားတယ်"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်လေ၏။

"ဟာဗျာ. . . ခင်ဗျားအိပ်မက်က ဘာမှလည်း မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပေါ့ပေါ့ဆဆ ပြောလိုက်သော်လည်း စုံထောက်ကြီး ဦးဘလှမှာ တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိဘဲ လေးလေးနက်နက် တွေးတောနေလေ၏။

ထို့နောက် တံခါးခေါက်သံကို ကြားရသဖြင့် ကျွန်ုပ်တို့၏ထမင်းချက် ဘဲလူးက တံခါးသွားဖွင့်လိုက်ရာ စုံထောက်အင်စပိတ်တော် ကိုသက်ပြင်း ဖြစ်လို့နေလေ၏။

"ကိုသက်ပြင်းရေ လာဗျို့. . .။ ထမင်းကြော်ပူပူလေး စားရအောင်"

ဟု ကျွန်ုပ်က ဖိတ်ခေါ်လိုက်ရာ စုံထောက်အင်စပိတ်တော် ကိုသက်ပြင်းမှာ စိတ်ပျက်လက်ပျက် ထိုင်ခုံပေါ်တွင် ထိုင်ချလိုက်ပြီးနောက်. . .

"ဆရာတို့ပဲ အေးပါတယ်ဗျာ။ ကျွန်တော်ကတော့ တစ်ညလုံးရော. . . အခုအချိန်ထိရော တစ်ရေးမှ မအိပ်ရသေးဘူး"

ဟု ညည်းတွားကာ ပြောလိုက်လေ၏။

စုံထောက်ကြီး ဦးဘလှသည် ၎င်းအား တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ ကြည့်နေရာ ကျွန်ုပ်က. . .





"နေပါဦး ကိုသက်ပြင်းရေ. . .။ ခင်ဗျားက ဘာကြောင့် မအိပ်ဘဲ နေ,နေရတာလဲ"

ဟု မေးလိုက်လေ၏။

"ဒီလိုဗျ. . . ဆရာ ဦးဘအေးရ။ ရွှေချောင်းတွေ သယ်လာမယ့် မှောင်ခိုအဖွဲ့ လာမယ်ဆိုတဲ့သတင်းရလို့ ကားလမ်း၊ ရေလမ်း၊ မီးရထားလမ်း၊ လေကြောင်းလိုင်းတွေ ပိတ်ဆို့ပြီး ရှာတာ၊ အခုထိ ဘာမှ မထူးခြားသေးလို့ စိတ်ပျက်ပြီး. . . ဆရာတို့အိမ်ကို ထွက်လာခဲ့တာဗျာ"

ဟု စုံထောက်အင်စပိတ်တော် ဦးသက်ပြင်းက ပြောလိုက်လေ၏။

"ခင်ဗျားက ဘယ်မှာ တာဝန်ကျတာလဲ"

ဟု စုံထောက်ကြီး ဦးဘလှက မေးလိုက်ရာ ၎င်းက. . .

"ကျွန်တော်က ကားဂိတ်တွေမှာ တာဝန်ကျပါတယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် စုံထောက်ကြီး ဦးဘလှက ကျွန်ုပ်ဘက်သို့ လှည့်ကာ. . .

"ကဲ. . . ဦးဘအေး ခင်ဗျား ဒီနေ့ အားလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးရာ ကျွန်ုပ်က. . .

"ဒီနေ့ တနင်္ဂနွေနေ့လေ. . .။ အားပါတယ် ဘာဖြစ်လို့လဲ"

ဟု မေးရာ. . .

"အားရင်. . . ကျုပ်နဲ့ခင်ဗျား ကိုသက်ပြင်းနဲ့ အဖော်လိုက်သွားရအောင်။ ကိုသက်ပြင်း. . . ခင်ဗျားမှာ ကားပါလား"

ဟု မေးလိုက်ရာ စုံထောက်အင်စပိတ်တော် ဦးသက်ပြင်းမှာ မှိုရသော မျက်နှာဖြင့်. . .

"ပါ,ပါတယ် ဆရာ။ ဆရာတို့ လိုက်တော့. . . ကျွန်တော် ပို အားရှိတာပေါ့ဗျ"

ဟု ပြောလိုက်ပြီးနောက် ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှသည် စုံထောက်အင်စပိတ်တော် ဦးသက်ပြင်းကားနှင့် ငှင်းတာဝန်ကျရာ ကားဂိတ်သို့ ထွက်လာခဲ့ကြလေတော့၏။

❖

"ဘာထူးခြားလဲ. . . ဟေ့"





ဟု စုံထောက် အင်စပိတ်တော် ကိုသက်ပြင်းက ကားရပ်၍ ပုလိပ်တစ်ယောက်အား မေးလိုက်လေ၏။ ထိုအခါ ပုလိပ်တစ်ယောက်က ငှင်းအား အရိုအသေ ပေးပြီးနောက်. . .

"ဘာမှ မထူးခြားဘူး"

ဟု ပြောလိုက်လေတော့၏။

စုံထောက်ကြီး ဦးဘလှသည် ကားပေါ်မှ ဆင်းလေ၏။ ကျွန်ုပ်ကလည်း စုံထောက်ကြီး ဦးဘလှနောက်မှ ထပ်ကြပ်မကွာ လိုက်ဆင်းရလေတော့၏။

"ကဲ. . . ကိုသက်ပြင်းရေ ခင်ဗျား လုပ်စရာရှိတာ လုပ်နော်။ ကျုပ်နဲ့ ဦးဘအေးတို့က ဒီနားမှာပဲ ရပ်ပြီး. . . ကားတွေကို လေ့လာမယ်ဗျာ"

ဟု စုံထောက်ကြီး ဦးဘလှက စုံထောက် အင်စပိတ်တော် ကိုသက်ပြင်းအား ပြောလိုက်လေတော့၏။

မွန်းတည့် (၁၂) နာရီ ထိုးနေသော်လည်း ထူးခြားမှု တစ်စုံတစ်ရာ မရှိချေ။ ကျွန်ုပ်မှာ ထမင်းဆာလာ၏။ ရွှေချောင်း သယ်ယူလာမည့် မှောင်ခိုအဖွဲ့ဆိုသည့်သတင်းသည်လည်း ကောလာဟာလ



www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မိ၏။

ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှတို့သည် ထိုင်လိုက်ထလိုက်နှင့် ကားတွေကို ကြည့်လိုက်နှင့် အချိန်အတော်ကြာနေ၏။

"ဆရာတို့. . . ပျင်းနေကြပြီလား"

ဟု စုံထောက်အင်စပိတ်တော် ဦးသက်ပြင်းက ကျွန်ုပ်တို့၏ အနားကို ရောက်လာ၍ ပြောလိုက်လေ၏။

"ကျုပ်ကတော့ ပျင်းတာထက်. . . ဗိုက်ဆာနေပြီဗျ"

ဟု ကျွန်ုပ်က ဟန်မဆောင်နေတော့ဘဲ ပြောလိုက်မိလေ၏။ ထိုအခါ စုံထောက်အင်စပိတ်တော် ကိုသက်ပြင်းက လက်မှ နာရီကို ကြည့်လိုက်ပြီးနောက်. . .

"ဟုတ်ပါရဲ့ဗျာ. . .။ မွန်းတည့် (၁၂) နာရီတောင် ထိုးနေပါရောလား. . .။ ထမင်းလေး ဘာလေး သွားစားရအောင်ဗျာ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်မှာ လွန်စွာမှ ဝမ်းသာသွားပြီးနောက် စုံထောက်ကြီး ဦးဘလှက. . .

"နာရီဝက်လောက်၊ ခဏလောက် ကြည့်လိုက်ချင်သေးတယ်ဗျာ"





ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ စိတ်ညစ်သွားရလေတော့၏။

"(၁၂)နာရီနဲ့ မိနစ် (၂၀) ရှိနေပြီ ဆရာရေ။ ထမင်းလေး ဘာလေး သွားစားကြရအောင်"

စုံထောက် အင်စပိတ်တော် ဦးသက်ပြင်းက ၎င်း၏လက်မှ နာရီကို ကြည့်၍ စုံထောက်ကြီး ဦးဘလှအား ပြောလိုက်လေ၏။ ထို့နောက် စုံထောက်ကြီး ဦးဘလှသည် ထိုင်ရာမှ ထ၍. . .

"ကဲ. . . သွားကြတာပေါ့ဗျာ"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ဝမ်းသာသွားရပြန်လေ၏။

ထိုအချိန်၌ ပုလိပ်တစ်ယောက်က ဝီစီမှုတ်လိုက်ပြီး၊ ကားတစ်စီးကို တားလိုက်သဖြင့် စုံထောက်ကြီး ဦးဘလှသည် ရပ်၍ ၎င်းကားကို ငဲ့စောင်း၍ ကြည့်လိုက်၏။

"ကျွန်တော်တို့ တာဝန်အရ. . . မိတ်ဆွေကြီးတို့ရဲ့ကားကို ရှာခွင့်ပြုပါ"

ဟု ပုလိပ်တစ်ယောက်က ပြောလိုက်ရာ ကားမောင်းသူက. . .



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဆရာ။ ရှာပါ. . . ရှာကြပါ"

ဟုဆိုကာ ကားမောင်းသူက ကားပေါ်မှ ဆင်းလိုက်ပြီးနောက် ကားနောက်ခန်းတွင် ထိုင်နေသောလူကလည်း ကားတံခါးကို ဖွင့်၍ ၄င်းကပါ ဆင်းလိုက်လေ၏။

စုံထောက်ကြီး ဦးဘလှလည်း ၄င်းနေရာမှ ထမင်းသွားစား ရန် ထွက်လာစဉ်. . .

"ခွေးကလေးက. . . ချစ်စရာလေးနော်"

ဟု ပုလိပ်တစ်ယောက်က ပြောလိုက်သည့်အသံကြောင့် စုံ ထောက်ကြီး ဦးဘလှမှာ နောက်သို့ လှည့်ကြည့်လိုက်သဖြင့် ကျွန်ုပ်နှင့် စုံထောက် အင်စပိတ်တော် ကိုသက်ပြင်းမှ ပြိုင်တူ ကြည့်ကြပြန်၏။

ခွေးလေးကို ကားနောက်ခန်းတွင် ထိုင်နေသူက ပွေ့ဖက်ထား ၍ ကားအပြင်တွင် ရပ်နေလေ၏။ ခွေးလေးမှာ အမွေးစုတ်ဖွားနှင့် ၂ လ၊ ၃ လသား အရွယ်ခန့် ခန့်မှန်းရလေ၏။

စုံထောက်ကြီး ဦးဘလှသည် သေချာ မတ်တပ်ရပ်၍ ခပ် လှမ်းလှမ်းမှ လက်ပိုက်ကာ ကြည့်နေ၏။ ကျွန်ုပ်နှင့် ပုလိပ်စုံထောက် အင်စပိတ်တော် ကိုသက်ပြင်းတို့မှာလည်း ၄င်းကြောင့် မတ်တပ်ရပ်





၍ ကြည့်နေရပြန်၏။ ကျွန်ုပ် ဗိုက်ထဲတွင်လည်း အသံမျိုးစုံ ထွက်လို့ နေလေ၏။

"အခုလို ရှာခွင့်ပြုတာ. . . ကျေးဇူး အများကြီးတင်ပါတယ်"

ဟု ကားတစ်စီးလုံးကို စိတ်ကြိုက် ရှာဖွေပြီးနောက်. . .

တာဝန်အရ ရှာဖွေသည့် ပုလိပ်တွေထဲမှ တစ်ဦးက ၄င်းတို့ အား ပြောလိုက်လေ၏။ ၄င်းတို့ကလည်း. . .

"ရပါတယ် ခင်ဗျာ"

ဟု ပြောကာ ကားပေါ်သို့ တက်လိုက်ကြစဉ် စုံထောက်ကြီး ဦးဘလှက ကားအနီးသို့ ခပ်သုတ်သုတ် သွားပြီးလျှင်. . .

"အဲဒီခွေးလေး. . . ဘယ်က ဝယ်လာတာလဲ"

ဟု မေးလေ၏။ ထိုအခါ ခွေးပိုက်ထားသူက. . .

ကျွန်တော့်အစ်ကို နိုင်ငံခြားက ဝယ်လာတာ"

ဟု ပြောလိုက်ပြီး ကားမောင်းသူမှာ ကားကို စက်နှိုးဖို့ ဟန် ပြင်လိုက်စဉ်မှာပဲ စုံထောက်ကြီး ဦးဘလှသည် လျှင်မြန်စွာ ကား သော့ကို စက်မနှိုးခင် ဆွဲယူလိုက်ရာ. . .

"ခင်ဗျား. . . ဒါ ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကားမောင်းသူက ဒေါသနှင့် မေးလိုက်၏။ ထိုအခါမှာပဲ နောက်ခန်းမှ ခွေးပိုက်၍ ထိုင်နေသူက ကားတံခါးကို ဖွင့်ရန် ကြံရွယ်လိုက်သည့်အခါ. . .

"ဟေ့. . . လူ ဆင်းဖို့ မကြိုးစားနဲ့"

ဟု စုံထောက်ကြီး ဦးဘလှက ဟန့်တားလိုက်လေ၏။

ကျွန်ုပ်နှင့် ပုလိပ်စုံထောက် အင်စပိတ်တော် ကိုသက်ပြင်းတို့မှာ ကားနားသို့ ပြေးလာကြပြီး. . .

"ဆရာ ဘာဖြစ်လို့လဲ"

ဟု ပုလိပ်စုံထောက် အင်စပိတ်တော် ဦးသက်ပြင်းက မေးလိုက်ရာ . . .

စုံထောက်ကြီး ဦးဘလှက. . .

"ကျုပ် ဒီလူနှစ်ယောက်ကို မသင်္ကာဘူး ကိုသက်ပြင်း"

ဟု ပြောလိုက်ရာ ပုလိပ်စုံထောက် အင်စပိတ်တော် ကိုသက်ပြင်းမှာ သူ့ရဲ့လူများကို ခေါ်၍ ၎င်း၏ကားပေါ် တက်စေပြီး ပုလိပ်တစ်ယောက်အား ကားမောင်း၍ တာမွေဂတ်သို့ ခေါ်ဆောင်သွားကြ၏။ ထို့နောက်မှ ကျွန်ုပ်၊ စုံထောက်ကြီး ဦးဘလှနှင့် ပုလိပ်စုံထောက်





အင်စပိတ်တော် ကိုသက်ပြင်းတို့သည် ကားနှင့် လိုက်ကြလေတော့၏။

❖

တာမွေဂတ်သို့ ရောက်သည်နှင့် စုံထောက်ကြီး ဦးဘလှက. . .

ပုလိပ်တစ်ယောက်အား ခွေးပိုက်ထားသူထံမှ ခွေးကို ယူလိုက်ရန် ပြောလိုက်၏။ ထိုအချိန်ထိ ကျွန်ုပ်နှင့် ပုလိပ်စုံထောက် ကိုသက်ပြင်းတို့မှာ စုံထောက်ကြီး ဦးဘလှ၏လုပ်ရပ်ကို နားမလည်သာနှင့် ကြည့်နေရ၏။

ပုလိပ်တစ်ယောက်က ခွေးကို ယူလာပြီးလျှင်၊ စုံထောက်ကြီး ဦးဘလှက. . .

"အဲဒီခွေးသေကို. . . စားပွဲပေါ် တင်လိုက်ပါ"

ဟု ပြောလိုက်တော့မှ ကျွန်ုပ်တို့မှာ လွန်စွာမှ အံ့သြကြလေတော့၏။

ထို့နောက် စုံထောက်ကြီး ဦးဘလှက ၎င်းပုလိပ်အား. . .



www.burmeseclassic.com

www.burmeseclassic.com



"ခွေးသေကို. . . ပက်လက်လှန်လိုက်စမ်း"

ဟု ပြောလိုက်ရာ ခွေးသေကို ပုလိပ်က ပက်လက်လှန်လိုက် စဉ်ခိုက်မှာ ချုပ်ရိုးများ တွေ့ရပြန်၏။ ထို့နောက် စုံထောက်ကြီး ဦး ဘလုက ချုပ်ရိုးများကို ဖြည်ခိုင်းပြန်၏။

အပုပ်နံ့ရသဖြင့် ကျွန်ုပ်မှာ နှာခေါင်းကို လက်နှင့် ပိတ်ရပြန် ၏။

ပုလိပ်သည် ချုပ်ရိုးများကို ဖြည်လိုက်သည့်အခါ ခွေးဗိုက် အတွင်းမှ ရွှေချောင်းများ ထွက်လာလေတော့၏။

ထို့နောက် ပုလိပ်စုံထောက် အင်စပိတ်တော် ကိုသက်ပြင်း သည် ခွေးပိုင်ရှင်နှစ်ဦးကို အချုပ်ထဲသို့ ထည့်လိုက်လေတော့၏။

"ကျေးဇူးတင်ပါတယ် ဆရာ ဦးဘလုရာ. . .။ ဆရာသာ ဒီ နေ့အဖို့ ကျွန်တော်နဲ့အတူ လိုက်မလာဘူး ဆိုရင်တော့. . . ဒီအမှု ကို ဖော်ထုတ်လို့ရမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေ၏။

ပုလိပ်စုံထောက် အင်စပိတ်တော် ကိုသက်ပြင်းလည်း အလုပ် တွေ ရှုပ်နေသဖြင့် စုံထောက်ကြီး ဦးဘလုနှင့် ကျွန်ုပ်တို့လည်း တာမွေ





ဂတ်မှ ပြန်လာခဲ့ကြလေ၏။

ကျွန်ုပ်မှာ ထမင်းမေ့ ဟင်းမေ့ ဖြစ်သွားပြီး စုံထောက်ကြီး ဦးဘလု ၄င်းအမှုကို ဘယ်လို ဖော်ထုတ်လိုက်သလဲဆိုတာ အရမ်း သိချင်နေပြီ ဖြစ်လေတော့၏။

ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလုတို့သည် (ယခင် တာမွေ အဝိုင်းကြီး) ယခု တာမွေမီးပွိုင့်ထိပ်ရှိ တရုတ်ကြီး အဖေါ်ဆိုင်မှ ဝက်ခေါင်းသုတ်၊ အခေါက်ကင်၊ ဝက်ခြေထောက်စွပ်နှင့် ထမင်း မှာ ယူ စားသောက်ကြပြီးနောက်. . .

"ကိုဘအေး စားလေဗျာ။ ခင်ဗျားပဲ. . . ဗိုက်ဆာနေတယ် ဆို"

ဟု စုံထောက်ကြီး ဦးဘလုက ကျွန်ုပ်အား ပြောလိုက်လေ ၏။

ကျွန်ုပ်သည် စုံထောက်ကြီး ဦးဘလုအား ကြည့်လိုက်ပြီး. . .

"ကဲပါဗျာ. . . စားမှာသာ စားစမ်းပါ။ ခင်ဗျား သိချင်တာ ကို စားသောက်ပြီးမှ အေးအေးဆေးဆေး ပြောတာပေါ့"

ဟု စုံထောက်ကြီး ဦးဘလုက ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် စုံထောက်ကြီး ဦးဘလှတို့သည် တရုတ်အဖေါ်ဆိုင်မှ စားသောက်ပြီး၍ ဆာမိလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ချိုဆိမ့် သောက်ကြ၍ ကျွန်ုပ်က. . .

"ကဲ စုံထောက်ကြီးရေ. . . ပြောမယ်ဆိုလည်း ပြောလိုက်ပါတော့ဗျာ။ ကျုပ်မှာ သိချင်လွန်းလို့ နေမထိ ထိုင်မသာ ဖြစ်နေပြီဗျ"

ဟု ပြောလိုက်သဖြင့် စုံထောက်ကြီး ဦးဘလှမှာ ရယ်လေ၏။ ထို့နောက်. . .

"ဒီနေ့မနက်. . . ကျုပ် တိရစ္ဆာန်အကြောင်း ရေးထားတဲ့ အင်္ဂလိပ်စာအုပ်ကို ဖတ်နေတာ. . . ခင်ဗျား သိတယ်မဟုတ်လား"

ဟု မေးရာ ကျွန်ုပ်က. . .

"သိတယ်လေ. . .။ ခင်ဗျားအိပ်မက်ထဲမှာ ခွေးစုတ်ဖွားလေး မက်တာရယ်၊ ပြီးတော့. . . လူတွေဟာ သေသွားတဲ့အခါမှာ သူတို့ရဲ့ဝိညာဉ်တွေကို ပြနိုင်တယ်ဆိုပြီး ပြောတာလေ"

ဟု ပြောလိုက်၏။

"ဟုတ်တယ်. . .။ အဲဒီသဘောမျိုးနဲ့ ခွေးစုတ်ဖွားလေးက ကျုပ်အိပ်မက်ထဲမှာ နောက်ကနေ တကောက်ကောက် လိုက်လာ





တယ်။ မောင်းလို့လည်း ထွက်မသွားတော့. . . လူတစ်ယောက်က အဲဒီခွေးကို ကိုင်ပေါက်ပြီး သတ်လိုက်တဲ့အချိန်မှာ ကျုပ် လန့်နိုးသွားပြီး စိတ်ထဲမှာ အရမ်းလှုပ်ရှားသွားတယ်။ ဒါကြောင့် မနက်တိုင်း လမ်းလျှောက်ထွက်နေတာတောင် မထွက်ချင်တော့ဘဲ တိရစ္ဆာန်တွေရဲ့အကြောင်းကို အင်္ဂလိပ်လို ရေးထားတဲ့စာအုပ်ကို ယူပြီးတော့ ခွေးအကြောင်းကို လေ့လာလိုက်တာဗျာ"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်လေ၏။

"ကိုသက်ပြင်း လာတော့. . . ဘယ်လို စိတ်ကူးမျိုးနဲ့ သူတို့ လုပ်နေတဲ့ ရှာဖွေရေးအလုပ်ကို လိုက်သွားရတာလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီး ဦးဘလှက. . .

"ကျုပ် ခွေးစုတ်ဖွားလေးကို အိပ်မက်မက်ပြီးတော့ စိတ်တွေ အရမ်းကို လှုပ်ရှားသွားတယ်။ ခွေးတွေဟာ ဝိညာဉ်ပြတယ် ဆိုတာကို အင်္ဂလိပ်စာအုပ်ထဲမှာ တွေ့ရတယ်။ အဲဒီအချိန်မှာ ကိုသက်ပြင်းက ရွှေချောင်းမှောင်ခိုအဖွဲ့လာမယ်ဆိုတာ သတင်းရထားလို့ ကားလမ်း၊ ရေလမ်း စတဲ့နေရာတွေမှာ ရှာဖွေနေတာ မတွေ့သေးဘူးဆိုတာ ပြောတဲ့အခါမှာ ကျုပ်ကလည်း ခွေးစုတ်ဖွားလေးကို အိပ်မက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မက်တာနဲ့ လာပြီး တိုက်ဆိုင်နေတော့ တစ်စုံတစ်ခုတော့ ထူးခြားမှာပဲ။ ပြီးတော့ ခွေးစုတ်ဖွားလေးဟာ အိပ်မက်ထဲမှာ သေသွားတယ်ဆိုတော့ ဒါဟာ ခွေးစုတ်ဖွားလေးဟာ ငါ့ကို သူရဲ့ဝိညာဉ် လာပြတာပဲလို့ တွေးမိရင်း ကိုသက်ပြင်းတို့ ရှာဖွေရေးအလှည့်နောက်ကို လိုက်ခဲ့တာပဲ"

ဟု ပြောလိုက်လေ၏။

"ကားထဲမှာ ခွေး သေနေတာကိုရော. . . ဘယ်လိုလုပ်ပြီး သိတာလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စုံထောက်ကြီး ဦးဘလှက. . .

"ကိုသက်ပြင်းက. . . ထမင်းစားတော့မယ် ပြောတယ်။ ကိုဘအေး. . . ခင်ဗျားကလည်း ထမင်းဆာနေပြီ ပြောတယ်။ ဒါပေမဲ့ ကျုပ်က ထမင်းစားဖို့ထက် ရွှေချောင်းမှောင်ခိုတွေကို မုချတွေ့ရလိမ့်မယ်လို့ မျှော်လင့်နေတာဗျ။ ဒါကြောင့် ကိုသက်ပြင်းက (၁၂) နာရီနဲ့ မိနစ် (၂၀) ရှိသွားပြီ. . . ထမင်း သွားစားရအောင်ဆိုပြီး အတင်းဖွတ်ခေါ်နေတော့ ကျုပ်ကလည်း မလိုက်ချင်ဘဲ လိုက်ရတဲ့ အချိန်မှာ ပုလိပ် တစ်ယောက်က ကားတစ်စီးကို တားပြီး 'ခွေးလေးက ချစ်စရာလေး' ဟု ပြောလိုက်တဲ့စကားကြောင့် ကျုပ်ကလည်း ခွေးကို စိတ်စွဲနေတော့ ဘာရယ်မဟုတ်၊ လှည့်ပြီးကြည့်လိုက်တာပဲ။ ပြီးတော့ ကိုသက်ပြင်းလူတွေဟာ. . . ကားကို စိတ်ကြိုက်ရှာတာ မတွေ့ကြဘူး။ ပြီးတော့ မတွေ့တဲ့အခါမှာ ကားပေါ်ပြန်တက်ခိုင်းတယ်။ သူတို့လည်း ကားပေါ် ပြန်တက်တော့. . . ကျုပ်ခေါင်းထဲကို အတွေးတစ်ခု ဝင်လာတယ်။ အဲဒါ ဘာလဲဆိုတော့ ခွေးပဲ။ ခွေးတွေဟာ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့သခင်တွေရဲ့ကားပေါ်ကို လူစိမ်းတက်ရင် ဟောင်ရမှာ။ ဒါကို ခွေးမဟောင်ဘဲ ငြိမ်နေတာကိုက အတော်ထူးဆန်းနေတယ်။ ဒါနဲ့ပဲ သူတို့ကားထွက်ခင်. . . ကားနားကို ရောက်အောင်သွားပြီး 'ခွေးလေးက ဘယ်က ဝယ်လာတာလဲ' လို့ သွားမေးတော့ အပုပ်နံ့ ထောင်းခနဲရလိုက်တဲ့အခါ ခွေးကို ကြည့်လိုက်တော့ ခွေးသေကို ပိုက်ထားတာကလည်း အထူးအဆန်းဖြစ်နေတော့. . . ဒါမရိုးသားတဲ့သဘောပဲလို့ တွေးမိပြီး ကိုသက်ပြင်းကို ဖမ်းခိုင်းလိုက်တာပဲဗျ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. . .

"ခွေးရဲ့ဗိုက်ထဲမှာ ရွှေချောင်း ရှိတာကရော. . . ဘယ်လို







www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး သိတာလဲ"

ဟု မေးလိုက်လေ၏။

"ဒါကတော့ ဒီလိုဗျ။ ဒီလူတွေဟာ ခွေးသေကို ဘာ့ကြောင့် ယုယ ပိုက်ထွေးတာလဲဆိုတဲ့အချက်ထဲနဲ့ သိတာ။ ပြီးတော့ ခွေးက အပုပ်နံ့ရတယ်။ ဒါ ဗိုက်ခွဲပြီး ရွှေချောင်းတွေ ထည့်ထားနိုင်တယ်လို့ ထင်မိပြီး ဖော်ထုတ်လိုက်တာပဲဗျ"

ဟု စုံထောက်ကြီး ဦးဘလှက ပြောလိုက်လေ၏။

"အေးဗျာ. . . ခင်ဗျားမို့ ကြံကြံဖန်ဖန် တွေးမိတယ်။ ကျုပ်ဆိုရင် ဒီလောက် တွေးမှာမဟုတ်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်ကြီး ဦးဘလှက. . .

"တကယ်တော့ ဒီအမှုဟာ သေသွားတဲ့ ခွေးစုတ်ဖွားလေး ကျုပ်ကို အိပ်မက်မက်ပြီး ဖော်ထုတ်နိုင်တာပဲဗျ"

ဟု ပြောလိုက်လေ၏။

"ဒါဆိုရင်. . . ရွှေချောင်းမှောင်ခိုတွေကို မိလိုက်တဲ့အမှုဟာ စုံထောက်ကြီး ဦးဘလှနှင့် အိပ်မက် ဖော်ထုတ်ပေးသောအမှုလို့ မှတ်တမ်းတင်ရမှာပေါ့ဗျာ"





ဟု ကျွန်ုပ်က ပြောလိုက်ရာ စုံထောက်ကြီး ဦးဘလှမှာ လွန်စွာ သဘောကျသွားလေတော့သည်။

(လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေသော်)

မင်းသိက္ခာ



www.burmeseclassic.com

www.burmeseclassic.com




## လိပ်ပြာလေး

"သား . . . ပြန်လာပြီအမေ"

ကျွန်တော် ကျောင်းကနေပြန်လာပြီး အိမ်အဝင်ပေါက် ရောက်ရောက်ချင်းပဲ အမေ့ကို အခုလိုမျိုး အော်ပြီးတော့ ကျွန်တော် ပြန်ရောက်ပြီဖြစ်တဲ့အကြောင်းကို ပြောတတ်ပါတယ်။

အဲဒီလိုမျိုး ကျွန်တော် ကျောင်းက ပြန်ရောက်ပြီဖြစ်ကြောင်း အမေ သိသွားတဲ့အခါမျိုးမှာ အမေဟာ ကျွန်တော့်ကို အမြဲတမ်း ပဲ . . .

"အေး . . . ဒါဆိုရင် ရေချိုး၊ ထမင်းစား၊ ပြီးရင် . . . အိမ်စာ

မြတ်ပုည

www.burmeseclassic.com

www.burmeseclassic.com



တွေလုပ်"

လို့ ပြောတတ်ပါတယ်။

အဲဒီလိုမျိုး အမေနဲ့ ကျွန်တော်တို့နှစ်ယောက်သား အပြန်အလှန် ပြောခဲ့ကြတာ ဘယ်တော့မှ ဝတ္တရားမပျက်ခဲ့ကြပါဘူး။

ဒါပေမဲ့... ၁၉၆၄ ခုနှစ်၊ မတ်လ (၁၄) ရက်၊ စနေနေ့မှာတော့...

တစ်အိမ်လုံးဟာ တိတ်ဆိတ်လို့ နေနေပါတယ်။

ကျွန်တော်လည်း မိသားစုအိပ်ခန်းထဲ ဝင်ခဲ့ပါတယ်။ အမေဟာ မှန်တင်ခုံစားပွဲရှေ့က ခုံကလေးပေါ်မှာ ထိုင်နေပါတယ်။

အမေ့မျက်ရည်တွေက ပါးပြင်မို့မို့ပေါ်ကို စီးကျနေကြပါတယ်။ အမေက ဝင်လာတဲ့ ကျွန်တော့်ကို ကြည့်လိုက်ပြီး...

"မင်းမမ... မနက်က ဆုံးသွားတယ်"

လို့ ပြောပါတယ်။

ကျွန်တော် ဘာလုပ်ရမှန်း မသိတော့ဘူး ဖြစ်သွားတယ်။ ရောက်တဲ့နေရာမှာပဲ တွေပြီး ရပ်နေမိလိုက်တယ်။

ကျွန်တော်က အခု အသက်ဆယ်နှစ်ပဲ ရှိသေးတယ်။ 'သေ





တယ်' ဆိုတာကို ကျွန်တော် နားမလည်နိုင်ဘူး ဖြစ်လို့နေပါတယ်။

ကျွန်တော့်အစ်မရဲ့ ကျောင်းလွယ်အိတ်ကို စားပွဲပေါ်မှာ တွေ့ရပါတယ်။ လွယ်အိတ်ကလေးက သူ့ပိုင်ရှင်ကို စောင့်နေသလိုပဲ။

ကျွန်တော် ဒူးထောက်ချလိုက်တယ်။ ပြီးတော့ ဇစ်ကလေးကို ဖြည်းဖြည်းကလေး ဆွဲဖွင့်လိုက်မိပါတယ်။

လွယ်အိတ်အထဲထဲမှာ သပ်သပ်ရပ်ရပ်ပဲ စာအုပ်တွေ ထည့်ထားတာကို တွေ့ရပါတယ်။

ဖတ်စာအုပ်တွေက တစ်ဖက်၊ ဗလာစာအုပ်တွေက တစ်ဖက်၊ ခဲတံထည့်တဲ့ ဘူးကလေးကိုလည်း စီထည့်သွားတယ်လေ။

အစ်မ ကျောင်းသွားတိုင်း စည်းသွားတတ်တဲ့ ခေါင်းစည်းကြိုးအဝါလေးလည်းအထဲမှာရှိတယ်။

ကျွန်တော်က အစ်မရဲ့ ဗလာစာအုပ်တချို့ကို အသာလေး ထုတ်လိုက်ပါတယ်။

ဗလာစာအုပ်ထဲမှာ 'ကောင်း... အလွန်ကောင်း' လို့ ရေးထားတဲ့ မင်အနီရောင်နဲ့ ဆရာမရဲ့မှတ်ချက်တွေကို တွေ့ရပါတယ်။

သင်္ချာဘာသာမှာတော့ အစ်မက ညံ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဗလာစာအုပ်တွေကို သပ်သပ်ယပ်ယပ်ဖြစ်အောင် ပြန်ထည့်လိုက်ပါတယ်။

ကျွန်တော် သူ့စာအုပ်တွေကို ယူကြည့်တာ အစ်မ စိတ်ပူမလားလို့ ကျွန်တော်တွေးပြီး စိတ်ပူမိပါသေးတယ်။

အဲဒီနေ့ညနေက ကျွန်တော်ဟာ အိမ်ရှေ့ကိုထွက်ပြီးတော့ 'အစ်မ ပြန်လာမှာပါ' ဆိုပြီး စောင့်နေဖြစ်ခဲ့သေးတယ်။

အစ်မက ဘတ်စ်ကားနဲ့ ပြန်လာနေကျလေ။

ဒီတော့. . . ကျွန်တော်တို့အိမ်နဲ့ တစ်ဖက်လမ်းက ကားမှတ်တိုင်မှာ ဘတ်စ်ကားတွေ ရပ်တိုင်းရပ်တိုင်းမှာ အစ်မ ပါလာလေမလားလို့ ကျွန်တော် ကြည့်ကြည့်နေမိပါတယ်။

ဟင့်အင်း. . .။ အစ်မ ပြန်မလာပါဘူးဗျာ။

"အမေ"

"ဟင်"

"အစ်မ ပြန်လာမှာလား"

ကျွန်တော် အမေ့ကို ခဏခဏပဲ မေးနေမိပါတယ်။

"အမေ"





"ဟင်"

"အစ်မက ဘာပြုလို့ ပြန်မလာရတာလဲ. . . ဟင်"

လို့လည်း အမေ့ကို ကျွန်တော် ခဏခဏပဲ မေးမေးနေမိပါတယ်။ ပြီးတော့. . .

"အမေ"

"ဟင်"

"အစ်မက ဘာပြုလို့ သေရတာလဲ. . . ဟင်"

အမေက ငြိမ်နေရင်း မျက်ရည်တွေ ပါးပြင်ပေါ် စီးကျလာတယ်။ ကျွန်တော်က မရပ်မနားဘဲ ခဏခဏ မေးနေတာတွေကို ကျွန်တော် နားလည်သဘောပေါက်အောင် အမေက အဓိပ္ပာယ်ရှိရှိ မဖြေနိုင်ခဲ့ပါဘူး။

အဲဒီနေ့ည. . .

ကိုးနာရီလောက်မှာ. . .

'လိပ်ပြာတစ်ကောင်' အိမ်ထဲဝင်လာပြီး နံရံအမြင့်တစ်နေရာမှာ နားနေပါတယ်။

အမေက လိပ်ပြာကို လှမ်းပြပြီး ကျွန်တော့်ကို. . .



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာကို မောင်းမထုတ်လိုက်နဲ့နော်"

လို့ သတိပေးပါတယ်။

ကျွန်တော် အိပ်ရာထဲဝင်တဲ့အထိ အဲဒီလိပ်ပြာဟာ အဲဒီနံရံ အမြင့်ပေါ်မှာပဲ ရှိနေတုန်းပါ။

ဒါပေမဲ့. . .

မနက် ကျွန်တော် အိပ်ရာက နိုးလာတဲ့အချိန်မှာတော့. . .

လိပ်ပြာ မရှိတော့ပါဘူး။

အဲဒီတော့မှ. . .

ပြီးခဲ့တဲ့ နှစ်ရက်လောက်တုန်းက ဖြစ်ပျက်ခဲ့တာတစ်ခုကို ကျွန်တော် အမှတ်ပြန်ရမိပါတော့တယ်။

အဲဒီနေ့က (၁၂-၃-၁၉၆၄) ညနေမှာ. . .

ကျွန်တော် ဘတ်စ်ကားစောင့်နေတယ်လေ။

အဲဒီဘတ်စ်ကားနဲ့ အစ်မက ကျောင်းကပြန်လာတတ်တယ်။

မှတ်တိုင်ကို ဘတ်စ်ကားတွေ တစ်စီးပြီးတစ်စီး ဝင်လာကြပေမယ့် အစ်မ ပါမလာတော့ဘူး။ နောက်ဆုံး လမ်းဘေးက မီးတိုင်တွေက မီးတွေ လင်းလာမှ အစ်မ ဘတ်စ်ကားပေါ်က ဆင်းလာတယ်။

ကျွန်တော်က ပြေးပြီး ကြိုလိုက်ပါတယ်။ ဘာပြုလို့လဲဆိုတော့ အစ်မက ကျွန်တော့်အတွက် သကြားလုံးတွေ ဝယ်လာတတ်လို့ပါပဲ။

ဒါပေမဲ့. . .

အဲဒီနေ့မှာတော့ အစ်မ ကျွန်တော့်အတွက် ဘာမှ ဝယ်မလာခဲ့ပါဘူး။

"မမ အလုပ်များနေတယ်။ မနက်ဖြန်ကျရင်. . . ဒီဇိုင်း တင်ရမယ်"

ကားပေါ်က ဆင်းဆင်းချင်းပဲ အစ်မက ပြောပါတယ်။

အိမ်ရောက်လို့ ရေမိုးချိုး၊ ထမင်းစားပြီးတာနဲ့ အစ်မဟာ ထမင်းစားပွဲကို ရှင်းလင်းသုတ်သင်ပြီးတာနဲ့ သူ့လုပ်ငန်းကို စ,နေပါတော့တယ်။

မီးလုံးရဲ့ အလင်းရောင် ဝါကြင့်ကြင့်က အစ်မရဲ့အရိပ်ဘေးမှာ ကျနေပါတယ်။

အစ်မ ပန်းချီဆွဲနေတဲ့အနားကို ကျွန်တော် အသာကပ်ပြီး ကြည့်လိုက်တော့. . .







www.burmeseclassic.com

www.burmeseclassic.com



"ဆေးဘူးတွေကို ဝင်တိုက်ပြီး. . . မှောက်မပစ်လိုက်နဲ့နော်"

အစ်မက ကျွန်တော့်ကို သတိပေးပါတယ်။

အစ်မ ဘာပုံ ဆွဲသလဲလို့ ကျွန်တော် ကြည့်လိုက်တဲ့အခါမှာတော့ . . .

ပုံဆွဲစက္ကူအဖြူပေါ်မှာ အကွက်နှစ်ကွက် ဆွဲထားတာကို မြင်ရပါတယ်။ အတန်းလိုက်က သုံးကွက်၊ ထောင်လိုက်က လေးကွက်၊ အကွက်တိုင်းမှာ အစ်မက လိပ်ပြာပုံတွေ ခဲနဲ့လျှာထားတယ်။ လိပ်ပြာတွေအကုန်လုံးက တစ်ပုံစံတည်းပဲ။

မင်အနက်ရောင်နဲ့ ကောက်ကြောင်းတွေကို ထင်ထင်ရှားရှား ဆွဲလိုက်တော့ ပုံက ပိုပြီးကြွလာတယ်။

လိပ်ပြာတိုင်းမှာ ကောက်ကွေးနေတဲ့ နှာမောင်းလေးတွေ ကိုယ်စီကိုယ်င ပါတယ်။ အတောင်ပံနှစ်ဖက်စလုံးမှာ အစင်းကြောင်းတွေနဲ့ အစက်တွေ ပါတယ်လေ။

"နောက်ခံရောင်ကို. . . မင်ခြယ်ပေးမလား"

အစ်မက ကျွန်တော့်ကို မေးတယ်။ ကျွန်တော် ပျော်သွားတယ်။ ခပ်မြန်မြန်ပဲ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။





နောက်ခံအရောင်ကို ပန်းနုရောင် တစ်လှည့်၊ အဝါရောင်ကလေး တစ်လှည့် ခြယ်ပေးရတယ်။

ကျွန်တော်တို့ မောင်နှမနှစ်ယောက် ပုံဆွဲလို့ ပြီးသွားတော့ တော်တော်ကလေး ညဉ့်နက်လို့ နေပြီလေ။

အခု. . . ကျွန်တော် မှတ်မိသွားပါပြီ။

အစ်မ ဆွဲခဲ့တဲ့ လိပ်ပြာတွေဟာ ညတုန်းက အိမ်ထဲ ဝင်လာပြီး၊ နံရံမြင့်မြင့်ပေါ်မှာ နားခဲ့တဲ့လိပ်ပြာနဲ့ တစ်ပုံစံတည်းပဲဆိုတာ။

မနက်တိုင်း မနက်တိုင်း အစ်မဟာ ကျောင်းကို အစောကြီး သွားရပါတယ်။

ဘတ်စ်ကားအမှီ သူခမျာ ပြေးရှာတယ်လေ။

ကျွန်တော်ကတော့ အစ်မ ကျောင်းသွားတဲ့အချိန်မှာ အိပ်ရာက မနိုးသေးဘူး။

ဒါပေမဲ့ အစ်မ သေတဲ့မနက်က ကျွန်တော် နိုးတယ်။ မနက်ငါးနာရီခွဲမှာ အစ်မအသံကို ကြားလိုက်လို့ နိုးသွားရတာပါ။

အစ်မဟာ မနက်စာကို ပြီးအောင် စားမသွားရရှာဘူး။ တံခါးကို ဖွင့်ပြီး လှေကားက အပြေးအလွှား အောက်ကို ဆင်းသွား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

ခြံတံခါး ဖွင့်ပြီးအထွက်မှာ အစ်မက. . .

"မောင်လေးရေ. . . မမ သွားတော့မယ်နော်"

လို့ ကျွန်တော့်ကို နှုတ်ဆက်သွားခဲ့ပါသေးတယ်။

အဲဒီလို 'မောင်လေးရေ မမ သွားတော့မယ်နော်'လို့ နှုတ်ဆက်သွားခဲ့တာဟာ အစ်မ ကျွန်တော့်ကို နောက်ဆုံး နှုတ်ဆက်တဲ့ အနေနဲ့ နှုတ်ဆက်သွားခဲ့တာလို့ ကျွန်တော် မသိလိုက်ပါဘူး။

အစ်မဟာ. . . သူတို့ကျောင်းရဲ့ ကျောင်းဝတ်စုံအကျႌ အပြာလေးကို ဝတ်ထားပါတယ်။

လက်တစ်ဖက်က ကျောင်းလွယ်အိတ်ကို ကိုင်၊ ကျွန်တော့်ကို ကျောပေးလို့ ဆင်းသွားခဲ့ပါတယ်။

အဲဒီအချိန်ဟာ အစ်မ ဆယ့်လေးနှစ်အရွယ်ပဲ ရှိပါသေးတယ်။

နောက်. . .

နှစ်ပေါင်းအတော်ကြီး ကြာမှ သိလာခဲ့ရတယ်။

အစ်မဟာ ကျွန်တော်နဲ့ ဘာမှ သွေးသား မတော်စပ်ဘူးဆိုတာကို. . .။





အစ်မက မွေးစားသမီးတဲ့. . .။

ဒါပေမဲ့. . .

အဲဒီ. . . မွေးစားသမီးဆိုတာက အရေးမကြီးပါဘူး။

နှစ်တွေ ဘယ်လောက်ပဲကြာကြာ၊ အစ်မကို ကျွန်တော် ချစ်ခင်နေတုန်းပါပဲ။

အခုတော့မှ ကျွန်တော်ဟာ အစ်မ သေတဲ့ညက သွားနေတဲ့ နာရီကို ရပ်ပစ်လို့ရရင် ရပ်ထားပစ်ချင်တဲ့စိတ် ရှိနေသေးတယ်။

အစ်မ ဘာပြုလို့ သေရတာလဲ ဆိုတာကို ကျွန်တော်က နှစ်အကြာကြီးနေမှ သိရပါတယ်။

ကျွန်တော့်ကို အမေ ပြောပြတာကတော့ အစ်မဟာ ကျောင်းက အိမ်သာအင်မှာ လဲကျပြီး သေဆုံးနေတာ တွေ့တာပါတဲ့။

သိပ်မကြာခင်ကမှ ကျွန်တော့်အစ်မရဲ့ 'သေဆုံးကြောင်း အထောက်အထား' မိတ္တူကို ဆေးရုံက ရခဲ့ပါတယ်။

အဲဒီ သေဆုံးကြောင်း အထောက်အထားမိတ္တူမှာ ရေးထားတာကတော့. . .

'ဦးနှောက်သွေးကြော ပြတ်၍ သေဆုံးရခြင်း ဖြစ်ပါသည်'တဲ့'



www.burmeseclassic.com

www.burmeseclassic.com



အစ်မ သေဆုံးတဲ့ အဲဒီနေ့ (၁၄-၃-၁၉၆၄) ညက. . .

အိမ်ထဲကို ဝင်လာတဲ့ လိပ်ပြာကတော့. . .

အစ်မ ကျွန်တော့်ဆီကို အလည်လာတာပါပဲ။

အဲဒီကမှ တစ်ဆင့် အစ်မဟာ နောက်ဘဝတစ်ခုကို ပြောင်း တာလို့ ကျွန်တော် ယုံကြည်နေမိပါတယ်။

အင်း. . .

တစ်နေ့ ကျွန်တော်လည်း ဒီခရီးမျိုးကို သွားရဦးမှာပါပဲ။

အဲဒီအခါ ကျရင်တော့. . .

ကျွန်တော်ဟာ အစ်မနဲ့ ဆုံရဦးမှာပဲ။

ဆုံလည်း ဆုံတွေ့ချင်တယ်။

ဆုံပါရစေလို့လည်း ဆန္ဒပြုတယ်။

စိုင်းကျော်သီဟ

(MICHEAL TAN ရေးခဲ့တဲ့ THE BUTERFLY ကို မြန်မာ လို ဆီလျော်အောင် ပြန်ဆိုထားပါတယ်)

BURMESE CLASSIC .com

www.burmeseclassic.com